
ဆယ်ကျော်သက်လူငယ်ဘဝများကို ချဉ်းကပ်လေ့လာခြင်း

စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# ဆယ်ကျော်သက်တို့ရဲ့ ကမ္ဘာ

မောင်လွင်ပြင်



mgyoe.com

နှ ယုယုကြည်ကြည်ဆုတောင်းခြင်း
ဆယ်ကျော်သက်နှင့် ပတ်ဝန်းကျင်အပြောင်းအလဲကို
လက်သင့်ခံနိုင်ခြင်း
ဆယ်ကျော်သက်နှင့် အောင်မြင်၏နောက်ကွယ်မှာ
ဆယ်ကျော်သက်နှင့် စိတ်ကူးအိပ်မက်ကို
အကောင်အထည်ဖော်ခြင်း
ဆယ်ကျော်သက်နှင့် ရင်ဖွင့်တိုင်ပင်ရမည်ကို မကြောက်ရွံ့ခြင်း
ဆယ်ကျော်သက်နှင့် အမေတစ်ခု၊ သားတစ်ခု ဘဝ
ဆယ်ကျော်သက်နှင့် အိမ်ထောင်ဖက် နားလည်ခြင်း
ဆယ်ကျော်သက်နှင့် ဆွေမျိုးသားချင်း
သံယောဇဉ်ထားတတ်ရေး
ဆယ်ကျော်



နားထောင်ကောင်းသူတစ်ယောက်
ည်ရွယ်ချက်များ
် ကြိုးစားခြင်း
င်ဆိုင်မဖြေရှင်းရဲသည့် ကြောက်စိတ်ကို
ကွာချစော်ကားမှုကို မျိုချနိုင်ခြင်း
ပြောတတ်သည့်အကျင့်ကို
ချက်ကို စိစစ်နိုင်စွမ်းရှိခြင်း
ကျော်သက်နှင့် ကျွန်မဘဝကို
ရှင်သန်အောင်လုပ်နိုင်ခဲ့သည်
ဆယ်ကျော်သက်နှင့် လွတ်လပ်လိုစိတ်
ဆယ်ကျော်သက်နှင့် မှန်ကန်သော လွတ်လပ်စိတ်ထား
ဆယ်ကျော်သက်နှင့် တရားမျှတမှုအကြောင်း
ဆယ်ကျော်သက်နှင့် မှန်သောစကားဆိုခြင်း
ဆယ်ကျော်သက်နှင့် အကျိုးရှိသောစကားကိုဆိုခြင်း

mlp0020

2300.00 Ks

mgyoe.com

mgyoe.com

ဆယ်ကျော်သက်တို့ရဲ့ကမ္ဘာ၊ မောင်လွင်ပြင်
စာမျက်နှာ ၂၀၂ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဆယ်ကျော်သက်တို့ရဲ့ကမ္ဘာ

မောင်လွင်ပြင်

[illegible]

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


၁။ ဆယ်ကျော်သက်နှင့် ယုံယုံကြည်ကြည်ဆုတောင်းခြင်း ၁

၂။ ဆယ်ကျော်သက်နှင့် ပတ်ဝန်းကျင်အပြောင်းအလဲကို လက်သင့်ခံနိုင်ခြင်း ၁၇

၃။ ဆယ်ကျော်သက်နှင့် အောင်မြင်၏နောက်ကွယ်မှာ ၃၃

၄။ ဆယ်ကျော်သက်နှင့် စိတ်ကူးအိပ်မက်ကို အကောင်အထည်ဖော်ခြင်း ၄၃

၅။ ဆယ်ကျော်သက်နှင့် ရင်ဖွင့်တိုင်ပင်ရမည်ကို မကြောက်ရွံ့ခြင်း ၅၃

၆။ ဆယ်ကျော်သက်နှင့် အမေတစ်ခု၊ သားတစ်ခု ဘ၀ ၆၃

၇။ ဆယ်ကျော်သက်နှင့် အိမ်ထောင်ဖက် နားလည်ခြင်း ၇၃

၈။ ဆယ်ကျော်သက်နှင့် ဆွေမျိုးသားချင်း သံယောဇဉ်ထားတတ်ရေး ၈၃

၉။ ဆယ်ကျော်သက်နှင့် နားထောင်ကောင်းသူတစ်ယောက် ဖြစ်စေရေး ၉၃

၁၀။ ဆယ်ကျော်သက်နှင့် ရည်ရွယ်ချက်များ ပူးပေါင်းဆောင်ရွက်ရန် ကြိုးစားခြင်း ၁၀၇

၁၁။ ဆယ်ကျော်သက်နှင့် ရင်ဆိုင်မဖြေရှင်းရဲသည့် ကြောက်စိတ်ကို ဖယ်ရှားခြင်း ၁၁၇

၁၂။ ဆယ်ကျော်သက်နှင့် သိက္ခာချစော်ကားမှုကို မျှချနိုင်ခြင်း ၁၃၃


mgyoe.com

mgyoe.com


၁၃။ ဆယ်ကျော်သက်နှင့် အတင်းပြောတတ်သည့်အကျင့်ကို
ရှောင်ကြဉ်ခြင်း ၁၄၅
၁၄။ ဆယ်ကျော်သက်နှင့် တိုင်တောချက်ကို စိစစ်နိုင်စွမ်းရှိခြင်း ၁၅၉
၁၅။ ဆယ်ကျော်သက်နှင့် ကျွန်မဘဝကို
ရှင်သန်အောင်လုပ်နိုင်ခဲ့သည် ၁၆၉
၁၆။ ဆယ်ကျော်သက်နှင့် လွတ်လပ်လိုစိတ် ၁၇၉
၁၇။ ဆယ်ကျော်သက်နှင့် မှန်ကန်သော လွတ်လပ်စိတ်ထား ၁၈၅
၁၈။ ဆယ်ကျော်သက်နှင့် တရားမျှတမှုအကြောင်း ၁၈၉
၁၉။ ဆယ်ကျော်သက်နှင့် မှန်သောစကားဆိုခြင်း ၁၉၅
၂၀။ ဆယ်ကျော်သက်နှင့် အကျိုးရှိသောစကားကိုဆိုခြင်း ၁၉၉


❐

mgyoe.com

mgyoe.com

# ဆယ်ကျော်သက်နှင့် ယုံယုံကြည်ကြည် ဆုတောင်းခြင်း

ဆုတောင်းခြင်းကိစ္စဟူသည် ဆယ်ကျော်သက်တင်မှ မဟုတ်။ လူကြီးလူငယ် လူရွယ်လူလတ်အားလုံး ကလေးများပါမကျန် ဆုတောင်းတတ်ကြသည်။ တစ်ခုခုကို လိုချင်၍၊ အောင်မြင်ချင်၍၊ ဆန္ဒပြည့်မြောက်ချင်၍ ဆုတောင်းတတ်ကြသည်။ မြန်မာလူမျိုးတို့၏ ရိုးရာဓလေ့တွင် လူကြီးသူမများအား လေးစားဂါရဝထားကာ လက်အုပ်ချီမိုး ရှိခိုးကန်တော့ပြီးလျှင် အကန်တော့ခံ သက်ကြီးဝါကြီးများက အလေးအနက်ထား ဆုပေးတတ်ကြသည်။ "ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"ဟုလည်း ဦးညွှတ်ကန်တော့သူများက ဆုပေးသည်ကို ပြည့်ပါစေဟု ဆုတောင်းခံယူတတ်ကြသည်။ ယင်းသည် မြန်မာတို့၏ ရိုးရာဓလေ့ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာ ချစ်ခင်နှစ်သက်ဖွယ်ရာလည်း ဖြစ်သည်။ ကန်တော့ခံသူနှင့် ကန်တော့သူတို့အဖို့ စိတ်နှလုံး အေးချမ်းမှုရစေခြင်းလည်း ဖြစ်သည်။ ကုသိုလ်တရားတို့ ထွန်းကားခြင်းဟုလည်း မှတ်ယူနိုင်သည်။

လောကကြီးတွင် ဆုမတောင်းဖူးသူမရှိ။ သို့သော်လည်း ဆုတောင်းသူတိုင်း တောင်းသည့်ဆုနှင့် ပြည့်ခဲ့ကြဖူးပြီလား။ ပြည့်သည်လည်းရှိသည်ဟု ဆိုသူက ဆိုကြမည်။ အလကားပါ အာညောင်းတာသာ အဖတ်တင်သည်ဟု ပြောသူကလည်း ပြောပါလိမ့်မည်။ မည်သို့ဖြစ်စေ ဆုတောင်းတိုင်း မပြည့်ကြသော်လည်း လူတို့သည် ဆုတောင်းခြင်းအလုပ်ကိုတော့ မစွန့်

mgyoe.com

mgyoe.com


လွတ်နိုင်ကြချေ။ သေသည်အထိ ဆုတောင်းနေကြလိမ့်ဦးမည်ဟု ယုံကြည်၏။ ဆယ်ကျော်သက်များလည်း ဆယ်ကျော်သက်အလျောက် ဆုတောင်းကြပါသည်။ ဆုတောင်းခြင်းအလုပ်သည် ဆယ်ကျော်သက်တို့ဘဝတွင် နိစ္စဓူဝ လုပ်ငန်းစဉ်ထဲက လုပ်ငန်းတစ်ခုအဖြစ် ပါဝင်ကောင်း ပါဝင်နိုင်သည်။ အထူးသဖြင့် ဆယ်ကျော်သက်ရွယ် မိန်းကလေးငယ်တို့ နံနက် အိပ်ရာထ၊ ညအိပ်ရာဝင် ဆွမ်းကပ်ရေချမ်းကပ် စသော တစ်ချိန်ချိန်တွင် ဘုရားရှိခိုးရင်း လိုရာဆုတစ်ခုခုကိုတော့ မဖြစ်မနေ တောင်းဖြစ်ကြလိမ့်မည်ဟု ထင်ပါသည်။ ဘုရားရှိခိုးသည်ဆိုရာတွင် ဆယ်ကျော်သက်ယောကျ်ားကလေးများလည်း ပါဝင်သည်။ ဆိုချင်သည်မှာ ဆယ်ကျော်သက်တို့နှင့် ဆုတောင်းခြင်းကိစ္စ မစိမ်းကြပါ။ မွေးရာပါ အလေ့အထ ဖြစ်နေပါသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု၏ အသီးအပွင့်လည်း ဖြစ်ပါသည်ဟု ဆိုချင်ပါသည်။

ယခုတင်ပြမည့် ဇာတ်လမ်းလေးမှာ ဆယ်ကျော်သက်အရွယ် သားငယ်၊ သမီးငယ်တို့အား ဆုတောင်းခြင်းကို သင်ကြားပေးခြင်းအကြောင်းဖြစ်သည်။ သို့သော် သာမန်ကာလျှံကာ ဆုတောင်းခြင်းမျိုးမဟုတ်ဘဲ ယုံယုံကြည်ကြည်ဖြင့် နှစ်နှစ်ကာကာ ဆုတောင်းခြင်းမျိုး ဖြစ်သည်။ ပြောစရာရှိသည်မှာ "ဆုတောင်းတာပဲ၊ ယုံယုံကြည်ကြည်တွေ၊ နှစ်နှစ်ကာကာတွေ လိုသေးလို့လား၊ ယုံယုံကြည်ကြည်ဆုတောင်းမှ ဆုတောင်းခြင်းမည်သလား" ဟု စောဒကတက်နိုင်စရာ ရှိသည်။ စောစောကပြောသလို ဆုတောင်းကြသည်ဆိုရာဝယ် လူတို့၏ နိစ္စဓူဝလုပ်ငန်းဖြစ်၍ ဆုတောင်းခြင်းကို သရုပ်ခွဲနေစရာ မလိုတော့ပေ။ သို့သော် ယုံယုံကြည်ကြည် ဆုတောင်းခြင်းသည် တကယ်ဆုတောင်းပြည့်နိုင်ကြောင်း လက်တွေ့ပြသနိုင်ပြီဆိုသည်ကို ယခုဇာတ်လမ်းလေးက ဖော်ပြနေသည်။

ယနေ့ ခေတ်သစ်ဆေးကုသရေးလောကတွင် ကင်ဆာ အစရှိသောရောဂါကြီးများအား ကုသရာတွင် လူနာကိုယ်တိုင်ရော လူနာရှင်များကပါ လူနာရောဂါ သက်သာလာစေကြောင်း ယုံယုံကြည်ကြည်ဖြင့် ဝိုင်းဝန်းဆုတောင်းပေးခြင်းကို ဆေးကုသခြင်းနှင့်တွဲ၍ လုပ်ကိုင်လာကြသည်။ ထိုသို့ ယုံယုံကြည်ကြည် ဆုတောင်းမေတ္တာပို့သခြင်း လုပ်ငန်းကို ယုံယုံကြည်ကြည်

mgyoe.com

လုပ်ကိုင်ကြည့်ကြသောအခါ လူနာမှာ အမှန်တကယ် ရောဂါပျောက်ကင်းသွားသော သာဓကများ ဖော်ပြနိုင်ကြပြီ ဖြစ်သည်။ ယင်းသို့ သာဓကဖော်ပြနိုင်သည့်အထဲတွင် ယခုဖော်ပြမည့် ဇာတ်လမ်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ယခုဇာတ်လမ်း၏ ဆိုလိုချင်သော ရည်ရွယ်ချက်မှာ သာမန်ကာလျှံကာ မဟုတ်သော ယုံယုံကြည်ကြည် ဆုတောင်းခြင်းသည် တစ်ချိန်ချိန်တွင် တကယ်လက်တွေ့ အကျိုးရလဒ်ကောင်း ရရှိနိုင်ကြောင်းနှင့် ဆယ်ကျော်သက်များအား အရာရာကို ယုံယုံကြည်ကြည် ဆုတောင်းတတ်ခြင်းဖြင့် ကိစ္စအချို့အား စူးစူးနစ်နစ် သဘောထားတတ်စေရန် ရည်ရွယ်ထားကြောင်းတွေ့မြင်ရမည် ဖြစ်သည်။

ဇာတ်လမ်း စတင်ပါပြီ။ ပူဆွေးသောကရောက်ဖွယ် အနေအထားဖြင့် ရောဂါကျွမ်းနေသူအား နည်းမျိုးစုံဖြင့်ကုသရာတွင် ဆုတောင်းခြင်းအစွမ်းသတ္တိက အကျိုးထူးပေးပုံ ဖြစ်ရပ်တစ်ခုဖြစ်သည်။

ကျွန်တော့်ဇနီးဖြစ်သူ စတက်ဖနီနှင့် ကျွန်တော် တစ်နေ့ အတူတကွအလွတ်ရေငုပ်နေကြရင်း စတက်ဖနီသည် ထူဆန်းသော ဝေဒနာတစ်ခု ခံစားလိုက်ရသည်။ သူနှင့်ကျွန်တော် ရေပေါ်သို့ အမြန်ပြန်တက်ပြီး သူ့ရေကူးဝတ်စုံကို ချွတ်ရင်း သူ့အဆုတ်ထဲမှာ ရေတွေပြည့်နေသလို ခံစားနေရကြောင်းဆိုလာသည်။ သူသည် ယခင်ကတည်းက အဆုတ်ထဲတွင် လေခိုနေသလိုခံစားမှုရသော ရောဂါတော့ ရှိသည်။ သို့သော် ကျွန်တော် ဘာမျှထပ်မမေးတော့ဘဲ ကျွန်တော်တို့ ရေငုပ်ခြင်းအလုပ်ကို ရပ်ဆိုင်းလိုက်သည်။

နောက်ပိုင်းရက်များတွင် ကျွန်တော်တို့ ရေငုပ်ခဲ့ရာကမ်းခြေသည် ရေငုပ်ရန်လာရောက်ခဲ့ရသော ကမ်းခြေအဖြစ်မှ အများသူငါ အနားယူရာကမ်းခြေအဖြစ် သဘောထားလိုက်ပြီ။ ကျွန်တော်တို့နှစ်ဦး သည်ကမ်းခြေတွင် အေးအေးဆေးဆေး အပန်းဖြေဖို့ရာ နေရာအဖြစ် စီစဉ်လိုက်တော့သည်။ သူ၏ ခံစားနေရသော ဝေဒနာအကြောင်းကိုလည်း ခေါင်းထဲမထည့်တော့ဘဲ မေ့နိုင်ကြောင်း ကြိုးစားလိုက်၏။ ဤသို့ဖြင့် ကမ်းခြေတွင် လမ်းလျှောက်အပန်းဖြေပြီး အိမ်အပြန် တစ်ညနေချမ်းမှာတော့ စတက်ဖနီသည် အအေးမိသည့်လက္ခဏာရိပ် ပြလာသည်။ ကျွန်တော်တို့ ဆရာဝန်ထံ သွားပြ

mgyee.com

လိုက်တော့ "ဘာမှတော့ မဖြစ်ပါဘူး။ ခင်ဗျားတို့ စိုးရိမ်တယ်ဆိုရင်တော့ အိပ်စရေးရိုက်ဖို့ ကျွန်တော် လွှတ်လိုက်မယ်လေ"ဟုသာ ဆိုခဲ့သည်။

ကျွန်တော်တို့ အိမ်ကိုပြန်ခဲ့သည်။ ရက်သတ္တပတ်အနည်းငယ် စောင့်ကြည့်သည်။ စတက်ဖနီ၏ရောဂါ ပျောက်နိုး ပျောက်နိုးဖြင့် ကျွန်တော်တို့ ဘာဆက်လုပ်မည်လည်း စဉ်းစားနေခဲ့သည်။ စတက်ဖနီ၏ အအေးမိရောဂါ လက္ခဏာက ပျောက်မသွား။ ကျွန်တော် သူ့ကိုခေါ်ပြီး အိပ်စရေးရိုက်ကြည့်ဖို့ ဆေးရုံသို့သွားခဲ့သည်။ ဆေးရုံမှာ အိပ်စရေးရိုက်ကြည့်တော့ စတက်ဖနီ၏ ရင်ခေါင်းပိုင်းတွင် အကျိတ်တစ်ခုရှိနေသည်ကို တွေ့ရသည်။ အသက် ၄၆ နှစ်သာရှိသေးသော အရွယ်ကောင်းနေဆဲဖြစ်သော ကျွန်တော့်ဇနီးသည်၏ ခန္ဓာကို တအိအိဖျက်ဆီးပစ်တော့မည့် အကျိတ်တစ်ခုရှိနေပြီ။ ကျွန်တော်တို့ မိသားစုတွင် သားတစ်ဦး၊ သမီးတစ်ဦးရှိသည်။ ဆယ်ကျော်သက်ရွယ်များ ဖြစ်ကြသည်။ သူတို့ကတော့ သူတို့မိခင်ထံတွင် အကျိတ်တစ်ခုရှိနေသည်ကို ဝမ်းနည်းရမည်လား၊ ဝမ်းသာရမည်လား၊ သူတို့ မည်သို့ ခံစားရမည်မသိ ဖြစ်နေကြသည်။

နှစ်ပတ်လောက် အကြာမှာတော့ သူတို့က စတက်ဖနီ၏ အကျိတ်ကို အသားစထုတ်ယူစစ်ဆေးခြင်း (Biopsy) လုပ်ကြည့်ကြသည်။ ထွက်လာသည့်အဖြေက အကျိတ်မှာ ကင်ဆာကျိတ်ဖြစ်ပြီး အရှိန်အဟုန်ကောင်းကောင်းဖြင့် ကြီးထွားနေကြောင်းပင်။ စတက်ဖနီအား ကင်ဆာရောဂါတို့၏ ကုသနည်းတစ်နည်းဖြစ်သော ဆေးသွင်းကုသခြင်း (Chemotherapy) နည်းဖြင့် စတင်ကုသရပါတော့သည်။ ကင်ဆာဆေးသွင်းကုသခြင်း စတင်ခဲ့ရသော စတက်ဖနီသည် ထိုရက်သတ္တပတ်မှာပင် ဆေးသွင်းခြင်းဒဏ်ကို စတင်ခံစားရသည်။ ထို့နောက် အကျိတ်ကို ဓာတ်ရောင်ခြည်ပြ ကုသခြင်းကိုလည်း ကုသမှုတစ်ပြိုင်တည်း ခံယူရသည်။ ယင်းသို့ ကင်ဆာကုသနည်း နှစ်နည်းဖြင့် ကုသခြင်းခံနေရသော စတက်ဖနီသည် တစ်လအတွင်း ကိုယ်ရည်စစ်သွားခဲ့သည်။ လူလည်း အနည်းငယ် ချောင်သွားခဲ့သည်။ အမှတ်တမဲ့ကြည့်လျှင် လူမမာရုပ်ပေါက်သွားသည်။

သူ့သားနှင့်သမီးက ဤအခါကျမှ သူ့အမေ ကင်ဆာရောဂါ

mgyoe.com

အကြောင်း ဖွင့်ဟမေးလာသည်။ ကျွန်တော်လည်း သူတို့သိသင့်သည်များ လောက်ကို ရှင်းပြလိုက်သည်။ ထို့ပြင် ကင်ဆာရောဂါဟူသည် အများပြော နေကြသော ကုရာနတ္ထိရောဂါမဟုတ်ကြောင်း၊ အချိန်မီပေးပြီး ထိရောက်စွာ ကုသလျှင် ပျောက်ကင်းနိုင်ကြောင်း၊ စိတ်မကောင်း စိတ်ညစ်စရာမလိုဘဲ ဝိုင်းဝန်းပြုစုပေးရမည်ဖြစ်ကြောင်းများကိုပါ တစ်ဆက်တည်း ရှင်းပြလိုက် သည်။ သို့သော် စတက်ဖနီ၏ ခန္ဓာကိုယ်ထဲတွင် ကင်ဆာဆဲလ်များ ပျံ့နှံ့ နေကြောင်း ကင်ဆာ၏တိုက်ခိုက်ခြင်းကို ပြင်းပြင်းထန်ထန် ခံစားရဖွယ် ရှိကြောင်းများကိုတော့ ကျွန်တော် မပြောတော့ပါ။ အမှန်တကယ်လည်း စတက်ဖနီသည် ကင်ဆာရောဂါစစ်မြေပြင်တွင် ကတုတ်ကျင်းသေးသေး လေးထဲ ပုန်းလျှိုးဝပ်တွားနေရသူ တစ်ဦးပမာ အသက်ကို ဖက်နှင့်ထုပ်ထား ရသော အခြေအနေမျိုးနှင့် ရင်ဆိုင်နေရပါသည်။

စတက်ဖနီ၏ ရောဂါအခြေအနေသည် ကျွန်တော်တို့မိသားစုဘဝ ကို အပြောင်းအလဲ ဖြစ်သွားစေခဲ့သည်။ ထိုအပြောင်းအလဲကြောင့် ကျွန်တော့် ကိုယ်ကျွန်တော် ဘဝတစ်လျှောက် မည်သို့နေထိုင်သွားရမည်ကိုလည်း သုံးသပ်စဉ်းစားစရာ ဖြစ်သွားစေခဲ့သည်။ တည့်တည့်ပင်ဆိုရလျှင် စတက် ဖနီ ဆုံးပါးသွားခဲ့လျှင် ကျွန်တော် မည်သို့ ရှေ့ဆက်ရမည်နည်း။ ကျွန်တော်တို့ ကလေးနှစ်ဦးကို မည်သို့ မြေတောင်မြှောက်ပေးရမည်နည်း။ ကျွန်ဟော့်ခေါင်းကို ယမ်းခါသွားစေခဲ့သည်။ ကျွန်တော်သည် အလုပ်ကို အမြဲတစေ ရှေ့တန်းတင်သူ ဖြစ်သည်။ ယခုလို စတက်ဖနီဖြစ်သွားချိန်တွင် ကျွန်တော့်အသက်သည် မိမိကိုယ်ကိုယ် မားမားမတ်မတ် ရပ်တည်နေနိုင် သော ၄၈ နှစ်အရွယ် ဖြစ်သည်။ အလုပ်ကို ပင်ပန်းခြင်းကြီးစွာ လုပ်ကိုင်နိုင် သေးသောအရွယ်လည်း ဖြစ်သည်။

ကျွန်တော်၏ အသက်မွေးဝမ်းကျောင်းအလုပ်ကလည်း ကျွန်တော် ဝါသနာပါရာ လုပ်ငန်းဖြစ်သည်။ ကျွန်တော် ဝါသနာပါရာလုပ်ငန်းဖြစ်၍ ကျွန်တော်၏ ဗဟိုချက်မထားရာလည်း ဖြစ်သည်။ သို့သော် စတက်ဖနီ တွင် ကင်ဆာရောဂါဖြစ်နေသည် ဆိုသောအခါ ကျွန်တော်သည် ကျွန်တော့် ဘဝ၏ ဒုတိယနေရာတွင် ထားထားသော မိသားစုရေးရာကို ပြန်လည်

mgyoe.com

သတ်မှတ်ရန် စဉ်းစားလာရတော့၏။

စတက်ဖနီ ရောဂါအမြန်ပျောက်ကင်းရေး မိသားစုများ ပိုင်းဝန်းပြုစု စောင့်ရှောက်ရေးသည် လက်ရှိကာလတွင် ပထမဦးစားပေး ထားရတော့မည့်အခြေအနေ ဖြစ်လာသည်။ ထို့ကြောင့် ကျွန်တော်သည် မိသားစုရေးရာတွင် ပထမဦးစားပေးအဖြစ် ထားရှိပြီး ကျွန်တော်၏ အလုပ်အကိုင်အရေးကို ဒုတိယဦးစားပေးအဖြစ် ပြောင်းပစ်ခဲ့ပါသည်။ ပြီးနောက် ကျွန်တော်သည် "ငါ ဘာဆက်လုပ်ရမည်နည်း"ကို ဆက်စဉ်းစားနေမိပါသည်။

ကျွန်တော်တို့ သားအဖသုံးယောက်သည် စတက်ဖနီ ခံစားနေရသောရောဂါကို အတန်အသင့် ဖိနှိပ်ထားနိုင်ရန်နှင့် သူမခံစားနေရသော ဝေဒနာ အနည်းငယ် သက်သာလိုသက်သာငြား ခန္ဓာကိုယ်လေ့ကျင့်ခန်းပြုလုပ်ပေးရေးကို အစီအစဉ်ဆွဲကြသည်။ ခန္ဓာကိုယ်ပိုင်း လေ့ကျင့်ခန်းလုပ်ဆောင်ပေးခြင်းသည် ကင်ဆာရောဂါ ကုထုံးများဖြင့် ကုသနေစဉ်တွင်လည်း မဖြစ်မနေ လေ့ကျင့်ပေးသင့်သည်ဟုလည်း ဆရာဝန်များ ပြောကြားချက်အရ ကျွန်တော်တို့ သိရသည်။ အနည်းဆုံးတော့ တစ်နေ့နာရီဝက်မျှ လမ်းလျှောက်ပေးခြင်း ဖြစ်သည်။

သို့သော် မိတ်ဆွေရင်းချာ သူငယ်ချင်းတစ်ဦးနှင့် စကားပြောမိလိုက်သည့်အခါမှာတော့ ကျွန်တော်တို့ ရေးဆွဲထားသည့် အစီအစဉ်မှာ ထပ်၍ပေါင်းထည့်စရာများ ပေါ်ထွက်လာသည်။ သူက ကျွန်တော်တို့အား "ကင်ဆာရောဂါကို ရုပ်ပိုင်းဆိုင်ရာတစ်ခုတည်းနဲ့ ချဉ်းကပ်ကုသဖို့ မကြိုးစားပါနဲ့။ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ကိုးကွယ်ယုံကြည်မှုပိုင်းနဲ့ Social emotional Aspect ခေါ် ပေါင်းသင်းဆက်ဆံမှုကြောင့် ဖြစ်ပေါ်တဲ့စိတ်အနေအထား အင်အားကိုပါ အသုံးချပြီး ကုသကြည့်ပါ"ဟု ဆိုခဲ့သည်။ သူ့စကားဆုံးလျှင်ဆုံးချင်းပင် သူပြောသည်မှာ မှန်နိုင်ကြောင်း ကျွန်တော်တို့ သဘောပေါက်လိုက်သည်။ ကင်ဆာရောဂါသည် ခံစားနေရသော လူ၏ခန္ဓာကိုယ်ကိုသာမက စိတ်ကိုပင် ဝေဒနာသက်ရောက်မှုရှိစေသော ရောဂါဖြစ်သည်။ ကျွန်တော်တို့အနေဖြင့် စတက်ဖနီ၏ ခန္ဓာကိုယ်ကိုသာမက အားလုံးကို ဂရုစိုက်ရန် လိုအပ်နေလေပြီ။

mgyoe.com

mgyoe.com

ဒုတိယအဆင့်အနေဖြင့် မိသားစုပုံသဏ္ဍာန်အရရော၊ ပေါင်းသင်းဆက်ဆံရေးအရပါ ကင်ဆာရောဂါကို ချဉ်းကပ်တိုက်ထုတ်ဖို့ ကျွန်တော်တို့ ကြိုးစားလိုက်ကြသည်။ ကျွန်တော်တို့မိသားစုလို အခက်အခဲမျိုးမရှိသူတွေကို အကူအညီတောင်းဖို့ ကျွန်တော် ကြိုးစားလိုက်သည်။ အိမ်နီးချင်းများနှင့် လုပ်ဖော်ကိုင်ဖက်များက စတက်ဖနီကို လာပြီး အကူအညီပေးခဲ့ကြသည်။ သူတို့ လာရောက်ကူညီပေးသည်ထက် ပို၍ ကျေးဇူးတင်ရမည်မှာ ကျွန်တော်တို့မိသားစုနှင့် စတက်ဖနီအပေါ် လှိုက်လှိုက်လှဲလှဲရှိမှုပင် ဖြစ်သည်။ သူတို့တစ်တွေသည် စတက်ဖနီ နေကောင်းလာစေကြောင်း ဝိုင်းဝန်းဆုတောင်းခဲ့ကြသည်။ အချို့ကဆိုလျှင် စတက်ဖနီ ပြန်နေကောင်းလာစေရန် သူတို့တကူးတက လာရောက်ကူညီပေးကြ၊ ဆုတောင်းပွဲများ ပြုလုပ်ပေးခဲ့ကြသည်ကတော့ အထင်အရှားပင် ဖြစ်သည်။ ကျွန်တော့် ဆယ်ကျော်သက်သားနှင့် သမီးသည် သူတို့မိခင်အပေါ် အိမ်နီးချင်းများ၏ နွေးထွေးသောပြုစုစောင့်ရှောက်မှုနှင့် ဆုတောင်းပေးမှုကြောင့် ပျော်လည်းပျော်နေကြသည်။ သူတို့မိခင် ပြန်ကောင်းလာလိမ့်မည်ဟုလည်း ယုံကြည်မှုပိုလာသည်ဟု ကျွန်တော် ရိပ်စားမိသည်။

ကျွန်တော့် အစီအစဉ်ကို ထပ်ပြောရလျှင် တတိယအဆင့်အနေဖြင့် အချိန်၏ တန်ဖိုးကြီးမားပုံကို ကျွန်တော်တို့ နားလည်သွားကြပြီး သင်ခန်းစာလည်းယူနိုင်ကာ အသုံးလည်းချနိုင်ခဲ့ကြသည်။ စတက်ဖနီအတွက် မိနစ်တိုင်း မိနစ်တိုင်း တန်ဖိုးရှိသောအချိန်ကို အသုံးချကာ အလုပ်လုပ်နိုင်ခဲ့ကြသည်။ ယခင်က ကျွန်တော်တို့တွင် ထိုသို့မရှိခဲ့။ ယခင်အချိန်များကိုလည်း တန်ဖိုးရှိရှိ အသုံးမချနိုင်ခဲ့ခြင်းကို နောင်တရနေခဲ့မိသည်။ ယခင်က အိမ်အကျဉ်းအကျယ်ကိစ္စ၊ ငွေရေးကြေးရေးကိစ္စ၊ ပေါင်းသင်းဆက်ဆံရေးကိစ္စ၊ သွားလာလည်ပတ်ရေးကိစ္စ စသည်တို့ဖြင့် ကုန်ဆုံးနေစေခဲ့သည်။ ကျွန်တော်တို့သားအဖသုံးဦးသည် မိနစ်တိုင်း မိနစ်တိုင်းတွင် စတက်ဖနီ ပျော်ရွှင်အောင် တစ်ခုမဟုတ် တစ်ခု လုပ်ဖြစ်နေခဲ့သည်။ စတက်ဖနီသည်လည်း ရောဂါဝေဒနာ တိုး၍ တိုး၍ ခံစားနေရလင့်ကစား ကျွန်တော်တို့အနားမှာ ရှိနေခြင်းကြောင့်လည်းကောင်း၊ ကျွန်တော်တို့က နာရီမလပ် ပြုစုစောင့်ရှောက်နေခြင်း

mgyoe.com

mgyoe.com


ကြောင့်သော်လည်းကောင်း သူ့စိတ်ခံစားမှုများ အပြောင်းအလဲဖြစ်လာသည်ကို တွေ့မြင်ရသည်။

ဆေးသွင်းကုသခြင်းဖြစ်သော Chemotherapy သည် စတက်ဖနီကို ကြည်လင်လန်းဆန်းအောင် စွမ်းဆောင်ပေးနိုင်ခြင်းမရှိ။ ယင်းကုထုံးက သူမကို ပင်ပန်းနွမ်းနယ်စေပြီး စိတ်ကိုလည်း ညစ်နွမ်းလာစေသည်။ ထိုအခြေအနေမျိုးတွင် ကျွန်တော်တို့သည် စတက်ဖနီကို နောက်ပြောင်ကျီစယ်မှုများ ပိုမိုပြုလုပ်ပေးသည်။ သူမအနားတွင် ကျွန်တော်တို့သားအဖတစ်တွေကို ရှိစေချင်လျှင် အနားသွားထိုင်ပြီး ရယ်စရာ မောစရာ ဟာသများ ပြောနေကြသည်။ ကျွန်တော်တို့အချင်းချင်းလည်း ဟာသလုပ် အရွှန်းဖောက်ကြသည်။ ကျွန်တော်တို့ ခွက်ထိုးခွက်လန် ရယ်မောနေကြသည်ကို စတက်ဖနီ တွေ့မြင်ရသောအခါ သူပါလိုက်ပါရယ်မောလာသည်။ စတက်ဖနီ နေထိုင်ရာလူမမာခန်းသည် မကြာခဏ ရယ်မောသံများနှင့် လွှမ်းမိုးနေသည်။ ထိုအချိန်များတွင် ပြင်ပမှသူစိမ်းသူများ ကျွန်တော်တို့အိမ်ကို ခေတ္တရောက်နေမည်ဆိုပါက လူနာရှိသည့်အိမ်ဟု ကျိန်၍ပြောတောင် ယုံချင်မည်မဟုတ်ပေ။

သို့ဖြင့် ကင်ဆာရောဂါသည် စတက်ဖနီအား အပြည့်အဝ ထိန်းချုပ်ထား၍ မရဟု ကျွန်တော်ထင်သည်။ ပြီးတော့ နံနက်ခင်းတိုင်းလိုလိုတွင် စတက်ဖနီသည် အိမ်နီးချင်းအမျိုးသမီးအဖော်များနှင့်အတူ လမ်းလျှောက်ထွက်လေ့ရှိသည်။ အိမ်နီးချင်းများနှင့်အတူ လမ်းလျှောက်ထွက်ခြင်း အစီအစဉ်သည် ကျွန်တော်တို့ရေးဆွဲထားသော အစီအစဉ်တစ်ခုဖြစ်သည်။ ကျွန်တော့်အထင်အရတော့ ထိုလမ်းလျှောက်ထွက်ချိန်များသည် သူ့အတွက် လွတ်လပ်မှုအရှိဆုံး အချိန်များပင်ဖြစ်မည်။ အိမ်နီးချင်းများကလည်း နံနက်လမ်းလျှောက်ထွက်ရန် စတက်ဖနီကို အချိန်မလင့် မပျက်မကွက် လာခေါ်ကြသည်။ စတက်ဖနီသည် ထိုလာခေါ်ချိန်ကို စောင့်စားရင်းဖြင့် ပျော်နေသည်။ နံနက်တိုင်း လမ်းလျှောက်ထွက်ရခြင်းသည် တစ်နေ့တာအတွက် သူ့မျှော်လင့်ချက်ဖြစ်နေသည်။

စတက်ဖနီသည် ဆေးသွင်းကုသခြင်းနှင့် ဓာတ်ရောင်ခြည်ပြကုသခြင်း နှစ်ခုကြားတွင် အလူးအလဲ ခံစားနေရသော်လည်း လမ်းလျှောက်ထွက်

mgyoe.com

mgyoe.com

ခြင်းအလုပ်ကိုတော့ မပျက်မကွက် လုပ်နိုင်ရှာသည်။ သူ့ကိုယ်သူလည်း အားခဲထားပုံရ၏။ ထိုသို့ နံနက်တိုင်း အဖော်များနှင့် လမ်းလျှောက်ထွက်ခြင်းသည် သူ့အတွက် စိတ်ပိုင်းရော ရုပ်ပိုင်းပါမက လူမှုပေါင်းသင်းဆက်ဆံရေး အနေအထားကိုပါ တိုးတက်ပြောင်းလဲလာစေသည်ဟု ကျွန်တော်မြင်တွေ့ရသည်။ အိမ်နီးချင်းတွေကလည်း နံနက်တိုင်း မပျက်မကွက် လာပြီး စတက်ဖနီကို အိပ်ရာမှနိုးကာ ကိုယ်လက်သန့်စင်ပေးပြီး ခေါ်သွားလေ့ရှိသည်မှာ အင်မတန်မှ အားနာစရာကောင်းသည်။ သူတို့အတွက် နေ့စဉ် ဝတ္တရားတစ်ခုလိုဖြစ်နေ၍ ဝန်ထုပ်ဝန်ပိုးဖြစ်မှာကို ကျွန်တော်က စိုးရိမ်သည်။ အိမ်နီးချင်းများကတော့ ပြောပါသည်။ ထိုသို့ပြုလုပ်ပေးနေရ၍ စတက်ဖနီကိုပင် ကျေးဇူးတင်နေရသေးသည် ဆို၏။ စတက်ဖနီသာ ကင်ဆာမဖြစ်ခဲ့လျှင် သူတို့ဘဝသည် လူမှုရေးလုပ်ငန်းများနှင့် ဝေးနေကာ အသုံးမကျသောဘဝဖြစ်နေမည်ဟု ဆို၏။ စတက်ဖနီအတွက်မှာကား သူ့အပေါင်းအသင်းများနှင့် စကားပြောနေရခြင်းကိုက သူ့ဝေဒနာများ တစ်ဝက်သက်သာသွားသလားဟု ထင်နေမိသည်ဟုဆိုသည်။ တစ်ခါတစ်ရံ ကင်ဆာရောဂါကိုပင် မေ့တေ့တေ့ ဖြစ်ချင်နေသည် ဆို၏။

စတက်ဖနီအတွက် ကျွန်တော်တို့သည် တဖြည်းဖြည်း အကျိုးရှိ ပျော်ရွှင်စွာ အချိန်ကုန်လွန်စေမည့် နည်းလမ်းကောင်းများကို စိစစ်ရွေးချယ်လာနိုင်ခဲ့သည်။ ကျွန်တော်တို့မိသားစုအား ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမောဖြစ်အောင် လုပ်ပေးနိုင်မည့် မိတ်ဆွေအပေါင်းအသင်းများအား အိမ်သို့အလည်လာနိုင်အောင်လည်း ဖိတ်ကြားခဲ့သည်။ ကျွန်တော်တို့ မိသားစုလေးဦးတည်းသာရှိသည့် အချိန်မျိုးတွင် ရယ်ရွှင်ဖွယ်ဗီဒီယိုကားများ ဝယ်ကြည့်ခဲ့သည်။ သားနှင့်သမီးလည်း ပျော်ကြသည်။ စတက်ဖနီလည်း လိုက်ပါရယ်မောနေသည်။ ကျွန်တော့်အလုပ်နှင့် ပတ်သက်သော ကိစ္စများကိုလည်း အချိန်ဇယားပြောင်းပစ်ခဲ့သည်။ ယခုအချိန်သည် မိသားစုအရေးကို ပထမဦးစားပေးအဆင့်မှာ ထားရမည်။ ကျွန်တော့်အလုပ်ကိစ္စ ဒုတိယဦးစားပေးအဆင့်မှာ ကျွန်တော်ထားလိုက်သည်။ အလုပ်ချိန်ပြောင်းလဲရေးကို ကျွန်တော့်အခြေအနေကို တင်ပြပြီး ညှိနှိုင်းခဲ့ရာ အဆင်ပြေခဲ့သည်။

mgyoe.com

ဤသို့ စီစဉ်ဆောင်ရွက်နေစဉ်အတွင်း စတက်ဖနီ၏ ရောဂါအခြေအနေသည်လည်း ပြင်းထန်စွာ ခံစားနေရသည့် အခြေသို့ ဆိုက်ရောက်လာသည်။ စတက်ဖနီ ရောဂါပြင်းထန်စွာ ခံစားနေရသည့်အချိန်က ကျွန်တော် အလုပ်က ခွင့်အနည်းငယ်ယူခဲ့သည့်အဖြစ်ကို ယနေ့တိုင် ကျွန်တော် မှတ်မိနေဆဲဖြစ်သည်။ ကျွန်တော် စတက်ဖနီ့အနားတွင် အချိန်ပြည့်နေပေးချင်၍ ဖြစ်သည်။ ခွင့်ရက်ခေ့ပြီး အခြားရုံးတက်ရက်များတွင်လည်း နေ့တစ်ဝက်စာ အလုပ်လုပ်၊ ကျန်နေ့တစ်ဝက်အချိန်များကို စတက်ဖနီ့အနားတွင် ကျွန်တော် နေခွင့်ရအောင် ဖန်တီးခဲ့သည်။ သားနှင့်သမီးကတော့ တစ်ချိန်လုံး သူတို့မိခင်အနားတွင် အချိန်ပြည့်ရှိနေကြသော်လည်း သူတို့တွင် သူတို့ကျောင်းချိန်နှင့် ပုဂ္ဂိုလ်ရေးအချိန်များလည်း ရှိသေးသည်။ ပြီးတော့ စတက်ဖနီသည် ရောဂါပြင်းထန်စွာ ခံစားနေရချိန်တွင် ကျွန်တော်တို့သားအဖသုံးဦးစလုံး သူ့အနားတွင် လူစုံတက်စုံ ရှိနေစေချင်သည်။

ကျွန်တော်တို့က ဘာပဲဖြစ်ဖြစ် တို့တစ်တွေ မဖြစ်မနေ စတက်ဖနီအနားမှာ နေနိုင်သမျှ နေပေးနိုင်အောင် ကြိုးစားကြမည်ဟု သားနှင့်သမီးကို မှာကြားထားသည်။ သူတို့နှစ်ဦးကလည်း သဘောတူသည်။ ယခုတော့ သူတို့သည် သူတို့မိခင်ခံစားနေရသော ကင်ဆာဝေဒနာအကြောင်း ကောင်းကောင်းသိသွားကြပြီ။

သိသွားပြီးသည့်အလျောက် မိခင်နှင့်အတူ ကင်ဆာရောဂါကို တိုက်ဖျက်ရန် တိုက်ပွဲဝင်နေကြသည်။ မိခင်နှင့်အတူ သူတို့လည်း ကင်ဆာရောဂါတစ်ဝက်တမျှ ခံစားရသလို ရှိနေသည်။ သူတို့မိခင်အား ကင်ဆာရောဂါကြီး လွှမ်းမိုးမှုဒဏ်မှ လွတ်ကျွတ်အောင် အိမ်နီးချင်းများနှင့်အတူ တက်ညီလက်ညီ ပါဝင်ဆောင်ရွက်နေသည်။ ရုပ်ပိုင်းဆိုင်ရာ ကုသရေးတွင် သူတို့ အားသွန်ကြိုးပမ်းနေသည်။ ကျွန်တော်ကလည်း မိမိတို့မိခင် ရောဂါသက်သာလာစေရေး ယုံကြည်မှုအပြည့်ထားကာ လုပ်ဆောင်ရမည်ဟု သွန်သင်ပေးထားသည်။ ဆယ်ကျော်သက်အရွယ်သည် ယုံကြည်မှုသဒ္ဓါကို အလေးအနက် နှလုံးသွင်းရမည့်အရွယ်ဟု ကျွန်တော်နားလည်ထားသည်။

စတက်ဖနီ၏ရောဂါက တဖြည်းဖြည်း ပို၍ ဆိုးလာလေပြီ။

mgyoe.com

mgyee.com


ရောဂါ၏ အဓိကလက္ခဏာတစ်ခုဖြစ်သော ဆံပင်များကျွတ်ထွက်ခြင်းကို စတက်ဖနီ စတင်ခံစားလာရပြီ။ သူ့ဆံပင်တွေ တဖြည်းဖြည်းနှင့် သိသိသာသာကြီး ကျွတ်ထွက်လာသည်။ ယင်းအခြေအနေတွင် စတက်ဖနီသည် သူ၏ဦးခေါင်းထက် ဟိုတစ်ကွက်သည်တစ်ကွက် ဖြစ်နေသော ဆံပင်ကျွတ်ခြင်းကို ဖုံးကွယ်နိုင်ရန် ဆံပင်ညှပ်ပေးဖို့ တောင်းဆိုလာသည်။ သူ့ကို ဆံပင်အတိုညှပ်ပေးလိုက်သည်။ ဆံပင်ညှပ်ပေးပြီးသော် ဆံပင်ကျွတ်ခြင်းကိစ္စသည် ဆိုးဆိုးဝါးဝါးကြီးကို ဖြစ်ပေါ်လာသည်။ သည်လိုပုံနှင့် တစ်ခေါင်းလုံးပြောင်တော့မည့် အခြေအနေမှာ မကြာခင် ဆိုက်ရောက်လာဖွယ်ရှိနေသည်။ စတက်ဖနီကလည်း မထူးတော့ပါဘူး တစ်ခေါင်းလုံးပြောင်အောင် ရိတ်ပစ်လိုက်တော့မည်ဟု လက်ခံလိုက်သည်။

သို့ဖြင့် စတက်ဖနီကို ခေါင်းတုံးပေးလိုက်သည်။ ဤမြင်ကွင်းကို ကြည့်နေကြသော မောင်နှမနှစ်ဦးသည် မငိုရုံတမယ် မျက်ရည်ဝဲနေရှာသည်။ သူတို့လည်း သူတို့မိခင်ဖြစ်အင်ကို ဘယ်စိတ်ကောင်းနိုင်ရှာပါ့မလဲ။ သူတို့ ငိုချင်စိတ်ပေါ်မိသည်မှာ အမှန်။ သို့သော် သူတို့ အံကြိတ်ထားပုံရသည်။ သူတို့ ဖြေတွေးနေပုံရသည်။ သူတို့မိခင်သည် သူများမိခင်တွေလိုမဟုတ်၊ ခေါင်းတုံးပြောင်ပြောင်ဘဝနှင့် ဖြစ်နေရသည်ကို သူတို့ မြင်ရက်ကြည့်ရက်ကြမည်မဟုတ်။ သို့ရာတွင် ရောဂါအခြေအနေကြောင့် ဖြစ်နေရသည်မို့ သူတို့ မချိတင်ကဲ ဖြေသိမ့်နေပုံရသည်ကို ကျွန်တော် မြင်တွေ့လိုက်ရသောအခါ ကျွန်တော်ပါ စိတ်မကောင်းခြင်း ကူးစက်ခံစားလိုက်ရသည်။

စတက်ဖနီကတော့ မျက်ရည်ကျနေရှာသည်။ ကျွန်တော်သည် ငိုချင်စိတ်ကို ထိန်းလိုက်၏။ စတက်ဖနီ၏ လှပသော ရွှေရောင်ဆံနွယ်လေးများကို တစ်ချိန်တုန်းက ကျွန်တော် အမြတ်တနိုး ရှိခဲ့ဖူး၏။ သူ့ကို ချစ်ခွင့်ပန်ဖြစ်လိုက်ရခြင်းထဲတွင် သူ၏ လှပသော ရွှေရောင်ဆံနွယ်များကလည်း စေ့ဆော်မှုကြောင့် တစ်ချက်အဖြစ်ပါဝင်နေသည်။ ထိုစဉ်က သူ၏ဆံနွယ်များ ဆုံးရှုံးရခြင်းအတွက် မျက်ရည်ကျနေသော စတက်ဖနီ့မျက်နှာကို ခေါင်းရိတ်ပေးနေသော ကျွန်တော်က မှန်ထဲမှတစ်ဆင့် ကြည့်နေခဲ့သည်။ သူမ၏မျက်ဝန်းတွင် မျက်ရည်များ တွဲခိုနေသည်ကို ကျွန်တော် ယနေ့တိုင်

mgyee.com

mgyoe.com

မေ့မရနိုင် ဖြစ်နေပါသည်။

ထို့နောက်ပိုင်းတွင် စတက်ဖနီအား စိတ်ပိုင်းဆိုင်ရာ ကုသရေး အစီအစဉ်အဖြစ် ဆုတောင်းခြင်း အစီအစဉ်ကို အပြင်းအထန်ပြုလုပ်ကြသည်။ ဆယ်ကျော်သက် သားနှင့်သမီးတို့သည်လည်း လက်တွေ့မကျသော ဆုတောင်းခြင်းအစီအစဉ်ကို သဘောမတွေ့၊ အင်တင်တင်ဖြစ်နေကြသော်လည်း နောက်ပိုင်းတွင် သူတို့မိခင်၏ ရောဂါအပြင်းအထန်ခံစားနေရသော ဖြစ်အင်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရသည်ဖြစ်၍ တစ်စုံတစ်ရာ ထူးများထူးလာမည်လားဆိုသော သံသယစိတ်တစ်ဝက်ဖြင့် ဆုတောင်းခြင်း အစီအစဉ်တွင် ပါဝင်ဆောင်ရွက်ရန် လက်ခံလာခဲ့သည်။

ကျွန်တော်သည် ဆုတောင်းခြင်းအစီအစဉ်တွင် အကြီးအမှူး ဖြစ်သည်။ ကျွန်တော့်သားနှင့်သမီးကိုလည်း သင်ကြားပေးထားသည်။ စိတ်ထဲတွင် စတက်ဖနီ အမှန်တကယ် ကျန်းမာလာစေရမည်။ စတက်ဖနီ တကယ်နေပြန်ကောင်းလာမည်ဟု ယုံကြည်ထားသည်။ ဤကိစ္စ မလွဲမသွေ ဖြစ်ကိုဖြစ်လာမည်ဟု သူတို့ကိုပြောထားသည်။ ပြောထားသည့်အတိုင်း စိတ်ထဲတွင်နှစ်ကာ ယုံယုံကြည်ကြည်ဖြင့် ဆုတောင်းခိုင်းသည်။ အိမ်နီးချင်းများကိုတော့ အထွေအထူး မှာစရာမလိုတော့။ သူတို့တစ်တွေက နဂိုကတည်းက ပြတ်ပြတ်သားသား ယုံကြည်ပြီးသား ဖြစ်သည်။ စတက်ဖနီ မကြာခင် ကျိန်းသေနေကောင်းလာမည်။ သို့ကြောင့် သူတို့ ကိုယ်ဖိရင်ဖိ နေ့စဉ်မပြတ် ပြုစုမည်၊ ကူညီမည်၊ စောင့်ရှောက်မည်၊ သူတို့နှင့် စတက်ဖနီ အနားတွင် ဘုရားသခင် ရှိနေသည်။ ဘုရားသခင်သည် ယုံကြည်စိတ်ပြင်းပြနေသူအား စောင့်ရှောက်ပေးသည်၊ ကယ်တင်ပေးသည်ဟု သိရှိလက်ခံထားပြီးသား ဖြစ်သည်။

ကျွန်တော်သည် သားနှင့်သမီးကို အိမ်နီးချင်းများ၏ ဘာသာတရား ရှိသေကိုင်းရှိုင်းမှုအကြောင်း ရှင်းပြသည်။ ဘာသာတရား ရှိသေကိုင်းရှိုင်းရခြင်းသည် ဘုရားသခင်အား ဘုရားကျောင်းသွားကာ ဂါရဝပြုနေရုံသက်သက်သာမဟုတ်၊ ဘုရားသခင် ကယ်တင်မည်ဟူသည်ကို ယုံကြည်လေးစားခြင်းနှင့်အတူ ဘုရားသခင်က မေတ္တာတရား ပွားများခြင်းအလုပ်

mgyoe.com

သည် လူသားအချင်းချင်း ကယ်တင်ခြင်းအလုပ်ဖြစ်ကြောင်း သွန်သင်ညွှန်ပြသည့်အတိုင်း ယုံယုံကြည်ကြည်ဖြင့် လေးစားလိုက်နာဆောင်ရွက်နိုင်ရေးကို လိုက်နာနိုင်ရမည်ဖြစ်ကြောင်း ပြောပြခဲ့သည်။

မိခင်အား ကျန်းမာပါစေကြောင်းကိုလည်း စိတ်ထဲတွင်နှစ်ကာ ယုံယုံကြည်ကြည်ဖြင့် ဆုတောင်းခိုင်းသည်။ မိခင် အမှန်တကယ် နေကောင်းလာပြီး မိခင် ကျန်းကျန်းမာမာ ပြန်ဖြစ်လာရမည်ဟု စိတ်ထဲကလည်း ဆုတောင်းရမည်၊ နှုတ်အားဖြင့်လည်း ဆုတောင်းပေးရန် ကျွန်တော်မှာကြားထားသည်။ ကျွန်တော်သည်လည်း ထိုနည်းလည်းကောင်းအတိုင်း ဆုတောင်းပေးသည်။ ဆုတောင်းသည်ဆိုရာတွင် နေ့စဉ် အကြိမ်တိုင်း အကြိမ်တိုင်း အခေါက်တိုင်း ဖြစ်သည်။

စတက်ဖနီသည် ကျွန်တော်တို့သားအဖတစ်တွေ သူ့အား ဆုတောင်းပေးနေသည်ကို သိနေသည်။ သူ့မိတ်ဆွေ အပေါင်းအသင်းများ၊ အိမ်နီးချင်းများကလည်း သူ့အတွက် ဆုတောင်းပေးနေသည်ကို သိနေသည်။ ထို့ပြင် သူ့မိတ်ဆွေများ၊ အိမ်နီးချင်းလမ်းလျှောက်ဖော်များက အပတ်စဉ် ဘုရားကျောင်းတွင် ဆုတောင်းပွဲလေးများ ကျင်းပနေကြကြောင်းကိုလည်း သူသိနေသည်။ သူကပင် ပြောလိုက်သေးသည်။ သူ့ဆီပို့လွှတ်သော မေတ္တာစာတ်စွမ်းအားသည် သူ့ခန္ဓာကိုယ်ထဲစီးဝင်နေကြောင်း သူသိနေသည်ဆို၏။ တစ်ခါ တစ်ခါ သူ့ခန္ဓာကိုယ် အေးစိမ့်စိမ့်အရသာကို သူခံစားနေရသည်ဟု ဆိုသည်။ မေတ္တာဓာတ်စွမ်းအား၏ အေးစိမ့်စိမ့်အရသာသည် ပြင်ပလေစိမ်းတိုက်ခတ်ခံရခြင်းမျိုးမဟုတ်၊ ထို့အတူ လေပြည်လေညင်းတို့ တိုးဝှေ့သွားခြင်းမျိုးလည်း မဟုတ်ဟု သူကဆိုသည်။ သူ့အဆိုများသည် ကဗျာဆန်ကောင်းဆန်မည်။ သို့သော် စိတ်ကူးယဉ်ဆန်ဆန် ပြောနေခြင်းမျိုးမဟုတ်သည်ကတော့ ကျွန်တော် အသေအချာ သိနေသည်။

သူကိုယ်တိုင်လည်း သူ့ရောဂါဆိုးကြီးကို ဆုတောင်းခြင်းဖြင့် တိုက်ပွဲဝင်နေကြောင်း၊ သူဆိုလျှင် ရောဂါဖြစ်စ ဖြစ်နေပါပြီဟု သိလိုက်ရကတည်းက နေ့ညမပြတ် သူ့ရောဂါဆိုးကြီး မြန်မြန်ထွက်ခွာသွားစေရန် ဆုတောင်းနေခဲ့သည် ဆို၏။ ယခု သူ့ကို သူ့မိသားစုနှင့်အတူ အားလုံးသော

mgyee.com

mgyoe.com

မိတ်ဆွေအပေါင်းအသင်းများက ဝိုင်းဝန်းဆုတောင်းပေးနေကြခြင်းအတွက် သူ့ပိုအားတက်လာခဲ့သည်ဟု ဆိုသည်။ သူ့ကိုယ်သူ ယုံကြည်နေသည်။ သူနှင့် သည်လင်၊ သည်သားသမီးတစ်တွေ မကြာခင်သောတစ်နေ့တွင် ယခင်ရခဲ့ဖူးသော မိသားစုဘဝ နေထိုင်မှုကို ပြန်ရရမည်ဟု ယုံကြည်နေသည်။ မကြာခင်သော နေ့ရက်များသည် ယခင်ရခဲ့ဖူးသော မိသားစုဘဝ ရယ်ကြ၊ မောကြ၊ လျှောက်လည်ကြပဲ့သည့် သာယာပျော်ရွှင်ခဲ့ရသော နေ့ရက်များသို့ ပြန်ရောက်ရဦးမည်ဟု သူခံယူထားသည်။ သူသည် သူ့ခန္ဓာကိုယ်ထဲမှာ တပ်စွဲထားသော ကင်ဆာအကျိတ် တစ်နေ့ တစ်နေ့ လျော့လျော့လာပြီး၊ မကြာခင် ကွယ်ပျောက်သွားတော့မည်ဟု ယုံယုံကြည်ကြည်ဖြင့် ဆုတောင်းနေသည်ဟူ၏။

သူနှင့် ကျွန်တော် စကားတွေပြောဖြစ်ကြသောအခါ စတက်ဖနီ၏ ယုံယုံကြည်ကြည်ဆုတောင်းခြင်းကို ကျွန်တော် အံ့သြခြင်းကြီးစွာဖြင့် လက်ခံလိုက်မိပါသည်။ ကျွန်တော် သူမသိအောင် လျှို့ဝှက်ရေးဆွဲထားသော ဆုတောင်းခြင်းအစီအစဉ်ကို ယခုတော့ အောင်မြင်ပြီဟု ကျွန်တော့်ကိုယ်ကျွန်တော် တက်ကြွသွားသည်။ တက်ကြွသွားသည့်အပြင် ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုပိုရလိုက်သည်။ သည်လိုနှင့် ကျွန်တော်နှင့် ဆယ်ကျော်သက် သားနှင့်သမီး၊ ဆွေမျိုးသားချင်းများ၊ မိတ်ဆွေအပေါင်းအသင်းများ ဝိုင်းဆုတောင်းပေးကြသည်ရော ဆေးကုသခြင်းပိုင်းဆိုင်ရာများပါ ပေါင်းစပ်သွားကာ အကျိုးဖြစ်ထွန်းသွားသည်လားမသိ၊ စတက်ဖနီ ကင်ဆာရောဂါ ဖြစ်ပြီး ခြောက်လအတွင်းမှာပင် ရောဂါမှာ တဖြည်းဖြည်း ပျောက်ကင်းစ ပြုလာသည်။ ဤသို့ပြောလျှင် ယုံနိုင်ဖွယ်ရာမရှိ ဖြစ်နေလိမ့်မည်။ သို့ပေသည့် မယုံမရှိ မဖြစ်ကြပါနှင့်။ ကျွန်တော်ကိုယ်တိုင် အာမခံသည်၊ ကျွန်တော်ကိုယ်တိုင် သက်သေရှိပါသည်။

ယခုတော့ ဤအဖြစ်အပျက်များသည် ငါးနှစ်ကျော်ကြာခဲ့ချေပြီ။ စတက်ဖနီ၏ ကင်ဆာရောဂါမှာလည်း လုံးဝ ပျောက်ကင်းသွားခဲ့လေပြီ။ စတက်ဖနီသည် ကျွန်တော်တို့ မျှော်လင့်ထားသည်ထက်ပို၍ လျင်လျင်မြန်မြန် ကျန်းမာလာခဲ့သည်။ ထိုသို့ဖြစ်လာရခြင်းမှာ စတက်ဖနီကို ရုပ်ပိုင်း

mgyoe.com

mgyoe.com


ဆိုင်ရာ သဘောထားများကြောင့်ဖြစ်မည်ဟု ကျွန်တော် ယုံကြည်သည်။ စိတ်ပိုင်းဆိုင်ရာ သဘောထားများတွင် ယုံယုံကြည်ကြည် ဆုတောင်းခြင်းကိစ္စလည်း ပါဝင်သည်။ စတက်ဖနီကို ဆေးကုသပေးကြသော ဆေးရုံမှ ဆေးပညာရှင်များကလည်း ရောဂါပြင်းထန်စွာ ခံစားနေရသူ မည်သူ့ကိုမဆို ဆေးပညာပိုင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်း ပူးပေါင်းဆောင်ရွက်မှု၊ ခံစားမှုနှင့် ကိုးကွယ်ယုံကြည်မှုဟူသော အခြေခံကျသည့် အရင်းအမြစ်၏ ခြောက်ခုဖြင့် ပြုစုကုသနိုင်သည်ဟုလည်း ဆိုနေကြသည်။

ကျွန်တော်ကတော့ စတက်ဖနီ ကင်ဆာရောဂါပျောက်ကင်းသွားခြင်းမှာ ယုံယုံကြည်ကြည် ဆုတောင်းခြင်းက ရောဂါတစ်ဝက်သက်သာရန် အထောက်အပံ့ဖြစ်စေသည်ဟု အတိအကျ ယုံကြည်လိုက်သည်။ စတက်ဖနီကိုယ်တိုင်လည်း ယုံကြည်သည်။ သားနှင့်သမီးတို့ကလည်း ယုံကြည်သည်။ သူတို့နှစ်ဦးသည် သူတို့ဆုတောင်းပေးမှုကြောင့် မေမေ ပြန်နေကောင်းလာရသည်ဟု တဖွဖွပြောနေကြသည်။ သူတို့အမေကလည်း ကျေကျေနပ်နပ်ကြီး လက်ခံခေါင်းညိတ်သည်။ ကျွန်တော်ကတော့ စတက်ဖနီ ကင်ဆာရောဂါဖြစ်ခြင်းအပေါ် အမြတ်တစ်ခုထွက်သွားသည်။ ဆယ်ကျော်သက် သားနှင့်သမီးအား မည်သည့်အရာမဆို ယုံယုံကြည်ကြည်နှင့် ဆုတောင်းပေးရမည်ဟူသည်ကို လက်တွေ့သင်ကြား ပြသပေးနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ဆုတောင်းခြင်းဟူသည် လက်တွေ့မဆန်၍ လက်မခံနိုင်ပါသည်ဆိုသည်ကိုတော့ ကျွန်တော် ပြန်မငြင်းချင်ပါ။ သို့သော် ဆုတောင်းခြင်းဟူသည်မှာ တစ်ဦးမှတစ်ဦး မေတ္တာစာတ်ပို့လွှတ်ခြင်း ဖြစ်သည်၊ မေတ္တာစာတ်သည် စွမ်းအားရှိသည် ဟူသည်ကိုတော့ အားလုံး လက်ခံကြစေချင်ပါသည်။

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဆယ်ကျော်သက်နှင့်
# ပတ်ဝန်းကျင်အပြောင်းအလဲကို လက်သင့်ခံနိုင်ခြင်း

ဆယ်ကျော်သက်ဟူသည် အသစ်အဆန်းဟူသမျှကို မက်မောတတ်ကြသည်။ ခေတ်မီခြင်း၊ ခေတ်ဆန်ခြင်း၊ ခေတ်ရှေ့ပြေးခြင်းများကို အာရုံဝင်စားတတ်ပြီး လိုက်လံရှာဖွေတတ်ကြသည်။ ဟောင်းနွမ်းခြင်းဟူသမျှကိုလည်း ပစ်ပယ်တတ်ကြပြီး အဟောင်းဟုထင်သည်များနှင့် ထိတွေ့ဆက်ဆံ ကိုင်တွယ်နေရခြင်းကိုလည်း သူတို့စိတ်ထဲ မသိုးမသန့် ခံစားရကာ အောက်တန်းကျသည်ဟု တလွဲတမှား စိတ်နေစိတ်ထားများ ရှိနေတတ်ကြသည်။

ယင်းအခြေအနေများသည် အသေအချာ လေ့လာနေစရာမလိုဘဲ ဆယ်ကျော်သက်ရွယ် သားသမီးကို ထိန်းကျောင်းလမ်းညွှန် နေကြရကုန်သော မိဘများ အသိပင်ဖြစ်သည်။ ဆယ်ကျော်သက်တို့ ထိုသို့ အဟောင်းကို စွန့်ပယ်၊ အသစ်ကို မြတ်နိုးတွယ်တာတတ်ခြင်းအား အပြစ်ဆိုဖွယ်ရာ မရှိပါဟု ဆယ်ကျော်သက်စိတ်ပညာရှင်များက ဆိုထားသည်။ သူတို့၏စိတ်အစဉ်သည် အမြဲတမ်း တက်ကြွလန်းဆန်းနေသည်။ သို့ဖြစ်၍ လန်းဆန်းသော

mgyoe.com

mgyoe.com


စိတ်သည် အသစ်အသစ်များကိုသာ ခုံမင်တွယ်တာကြသည်မှာ ဓမ္မတာပင် ဖြစ်သည်ဟုလည်း ဆိုကြသည်။ သို့သော် သူတို့သည် အသစ်အသစ်တိုင်းကို ခုံမင်မက်မောကြသည်ဆိုရာတွင် ထိုအသစ်အသစ်များသည် မကြာခင် အဟောင်းအဟောင်း ဖြစ်ဦးတော့မည်ဆိုသည်ကို သူတို့မသိနိုင်ကြသေး။ ထို့ပြင် ယခုအသစ်ပေါ်လာသော အသစ်တစ်ခုသည် ယခင်က အဟောင်း တစ်ခု၊ နှစ်ခုကို ပေါင်းစုပြီး ပြန်လည် ဆန်းသစ်ထားတာပါကလား ဆိုသည် ကိုလည်း သူတို့ မတွေးခေါ်နိုင်သေးပေ။ ထို့ကြောင့် ဆယ်ကျော်သက်တို့အား အသစ်အသစ်များကို လိုက်လံရှာဖွေ ခုံမင်မက်မောနေခြင်းကို အပြစ်ဟု ဆိုဖွယ်ရာမရှိသော်လည်း ထိုအသစ်အသစ်တို့ ပေါ်လာရခြင်း၏ သဘော တရားနှင့် အသစ်သစ်တို့၏ ယာယီအခိုက်အတန့် သစ်နေခြင်းနှင့် မကြာ ခင် ဟောင်းသွားရတော့မည့် သဘောတရားတို့ကို မိဘတို့က ဉာဏ်အမြော် အမြင်ရှိရှိဖြင့် သွန်သင်ပေးရမည်ဟု ဆယ်ကျော်သက် စိတ်ပညာရှင်များက အကြံဉာဏ်ပေးထားသည်။

ထို့ပြင် အဟောင်းကို ထိတွေ့ဆက်ဆံရခြင်းကြောင့် လူအထင် သေးခံရမည့် စိုးရိမ်စိတ်နှင့် အောက်တန်းနောက်တန်းကျရသည်ဟု မိမိ ကိုယ်ကိုယ် သိမ်ငယ်စိတ်များကိုလည်း ဖျောက်ပစ်ပေးနိုင်ရမည်။ ယင်းစိတ် များအား အမိန့်ပေးခြင်းဖြင့်တော့ ဖျောက်ပစ်၍ ရမည်မဟုတ်။ စည်းရုံး သိမ်းသွင်း ဖျောင်းဖျနည်းဖြင့်သာ ဆောင်ကြဉ်း၍ရမည်ဟုလည်း ဆိုသည်။ ဆယ်ကျော်သက်တို့စိတ်သည် အသစ်သစ်များကို ခုံမင်တတ်သော သဘော ရှိခြင်းကြောင့် အသစ်သစ်တို့ မကြာခဏ တရစပ်ပေါ်ပေါက်တတ်သော မြို့ကြီးပြကြီးများတွင် နေထိုင်ကြီးပြင်းရသည်ကို အလိုရှိကြသည်။ တော ရွာဇနပုဒ်မှာ နေထိုင်ရသော ဆယ်ကျော်သက်သည် မြို့ကြီးပြကြီး၏ ဖွံ့ဖြိုး တိုးတက်နေသော အသစ်အသစ်များ၏ အရိပ်အယောင်၊ အသံ၊ မြင်ကွင်းနှင့် တောက်ပြောင် ဖိတ်လက်မှုများကို အားကျကာ မြို့ကြီးပြကြီးတွင် သွား ရောက်နေထိုင်ချင်သည်။ ထိုနည်းတူ မြို့ငယ်ကလေးမှ ဆယ်ကျော်သက် သည်လည်း ထိုနည်းလည်းကောင်း သွားရောက် အခြေချနေချင်ရှာသည်။ ဆယ်ကျော်သက်တို့ အသစ်ကိုမက်မောကြပုံမှာ နေရာဒေသမကွဲလွဲ တစ်ထပ်

mgyoe.com

mgyee.com


တည်းကျသည်။ အသစ်အသစ်များရှိရာကို သွားနေချင်ရာခြင်းသည် သူတို့ ကိုယ်သူတို့ ခေတ်မီခြင်း၊ တိုးတက်ခြင်း၊ ဘဝအဓိပ္ပာယ်ရှိခြင်းဟု အယူရှိနေကြသည်။ သို့သော် ယင်းအသစ်သစ်တို့၏ နောက်ကွယ်တွင် ရိုးအီခြင်း၊ လှည့်ဖြားခြင်း၊ အရင်းအနှီးပေးရခြင်း၊ စိတ်ဓာတ်များယိုင်နဲ့ခြင်း၊ အရှုံးကို ရင်ဆိုင်တွေ့နိုင်ရခြင်းတို့ ပုန်းအောင်းနေသည်ကိုတော့ သိနိုင်ကြလိမ့်မည် မဟုတ်။

ဆယ်ကျော်သက်တို့၏ ဘဝတိုးတက်ရေး၊ လမ်းကြောင်းမှန်လျှောက်လှမ်းနိုင်ရေး၊ အသိဗဟုသုတ ဉာဏ်ရည်ထွန်းကားရေး၊ အကျင့်စာရိတ္တမဏ္ဍိုင် ကျောက်တိုင်လို ခိုင်ခံ့ရေးသည် နေထိုင်ကြီးပြင်းရာ နေရာဒေသနှင့်မသက်ဆိုင်။ မိဘအုပ်ထိန်းသူတို့၏ ရေရှည်ဉာဏ်အမြော်အမြင်နှင့်သာ ဆိုင်သည်။ နည်းပေးလမ်းပြကောင်းလျှင် ဆယ်ကျော်သက်ကောင်းမည်။ သွန်သင်ဆုံးမ စည်းရုံးသိမ်းသွင်းနိုင်စွမ်းအားကောင်းလျှင် ဆယ်ကျော်သက်ကောင်းမည်။ ဆယ်ကျော်သက်ကို ထိန်းကျောင်းရခြင်းသည် မိခင်ငှက်မကြီးက ငှက်ပေါက်စလေးများအား အစာလည်း ရှာဖွေခွံ့ကျွေးနေခြင်းနှင့်အတူ လေထဲတွင်ပျံနိုင်ရန် တောင်ပံခတ်တတ်အောင် သစ်ကိုင်းထက်သို့ခေါ်သွားနေရသည်နှင့်တူသည်။

ဆယ်ကျော်သက်တို့ဘဝတွင် အတောင်ပံခတ်တတ်အောင် သင်ကြားပေးနေစဉ်အတွင်း လက်ရှိနေထိုင်နေရသော ပတ်ဝန်းကျင်သည်လည်း အရေးတကြီး စဉ်းစားထည့်တွက်ရခြင်းများတွင် ကြီးကြီးမားမားတစ်ခု ပါဝင်သည်။ အကြောင်းမှာ နေထိုင်ကြီးပြင်းရာ ပတ်ဝန်းကျင်သည် ဆယ်ကျော်သက်တို့အား အများဆုံးလွှမ်းမိုးနိုင်သောကြောင့် ဖြစ်သည်။ အသစ်အသစ်ကို လွန်စွာခုံမင်တွယ်တာလွန်းသော ဆယ်ကျော်သက်သည် အသစ်သစ်တို့၏ လွှမ်းမိုးဖမ်းစားမှုများဖြင့် မေ့မြောနေပြီး မိမိနေထိုင်နေရာ မြို့ကြီးပြကြီးမှ နည်းနည်းကလေးမျှ မခွာနိုင်ဖြစ်နေပါလိမ့်မည်။ ထိုအခါ မြို့ကြီးပြကြီး၏ မွန်းကျပ်မှု၊ ငြီးငွေ့မှုများသည် သူ့အပေါ် တစ်နေ့ပြီးတစ်နေ့၊ တစ်နာရီပြီး တစ်နာရီ ဖိစီးလာနေသည်ကို သူသိလိမ့်မည်မဟုတ်။ မသိနိုင်ရခြင်းသည်လည်း သူ့အား မြို့ကြီးပြကြီး၏ စည်းစိမ်နှင့် အသစ်သစ်သော ရုပ်ဝတ္ထု

mgyee.com

ပစ္စည်း၊ အာရုံများက ဖမ်းစားထားသောကြောင့် ဖြစ်သည်။

ယခုဇာတ်လမ်းတစ်ပုဒ်ကို ဖော်ပြပါမည်။ လက်ရှိနေထိုင်ရသော မြို့ကြီးပြကြီး ပတ်ဝန်းကျင်နှင့်ပတ်သက်ပြီး စိတ်မွန်းကျပ်မှုများ၊ ငြီးငွေ့ဖွယ်ရာများ၊ စာရိတ္တမဏ္ဍိုင်ထိခိုက်ဖွယ်ရာများ၊ စိတ်ပိုင်းဆိုင်ရာ ယိမ်းယိုင်နိုင်သည်များကို ရှောင်ကွင်းလို၍ မွန်းကျပ်သည့်မြို့ပြမှ မြို့ပြကြီးနှင့် မနီးမဝေး မြို့ငယ်လေးတစ်မြို့သို့ ပြောင်းရွှေ့နေထိုင်သွားကြသော မိသားစုတစ်ခုအကြောင်း ဖြစ်သည်။ သူတို့မိသားစုတွင် အဖေ၊ အမေနှင့် ဆယ်ကျော်သက်သားတစ်ဦး၊ သမီးတစ်ဦးတို့ ပါဝင်သည်။ သူတို့မိသားစုသည် မြို့ပြတွင် အလုပ်အကိုင်ကောင်းပြီး ပျော်ပျော်ရွှင်ရွှင် အဆင်ပြေပြေနေထိုင်နိုင်သော လူလတ်တန်းစား မိသားစု ဖြစ်သည်။ သို့သော် လင်မယားနှစ်ဦးသည် သူတို့ဆယ်ကျော်သက်နှစ်ဦးအား မြို့ကြီးပြကြီးတွင် ဆက်လက် နေထိုင်ကြီးပြင်းလျက် ပတ်ဝန်းကျင်ရိုက်ခတ်မှုကြောင့် အနာဂတ်မကောင်းနိုင်သည်ကို ကြိုတင်မြော်မြင်တွေးခေါ်ပြီး မြို့ပြ၏ အသစ်များထဲတွင် နစ်မွန်းပျော်ဝင်နေသော သားနှင့်သမီးကိုနုတ်ယူကာ မြို့ငယ်လေးသို့ ဖွတ်အတင်း ရဲရဲတင်းတင်းပင် ပြောင်းရွှေ့လာခဲ့ကြသူများ ဖြစ်သည်။ သားနှင့်သမီးတို့က လုံးဝ မကျေနပ်ကြ။ သို့သော် ထိုလင်မယားနှစ်ဦးသည် သူတို့ဆယ်ကျော်သက်တို့ကို စည်းရုံးသိမ်းသွင်းနိုင်စွမ်းအားကောင်းကောင်းဖြင့် ခေါ်ဆောင်လာနိုင်ခဲ့သည်။ သူတို့နှစ်ဦး၏ စည်းရုံးသိမ်းသွင်းနိုင်စွမ်းအားသည် ချော့မော့ဖျောင်းဖျ လမ်းညွှန်ပြသသောနည်းဖြစ်သည်ဟု ဆိုသည်။

ကျွန်တော်က အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီရှိ ဖက်ဒရယ်အစိုးရဝန်ထမ်းတစ်ဦး ဖြစ်သည်။ ကျွန်တော်၏ အလုပ်အကိုင်အဆင့်အတန်းနှင့် နေထိုင်ရသော တိုက်ခန်းအနေအထားသည် လူကုံထံတစ်ယောက်ပိုင်ဆိုင်သော စည်းစိမ်ဥစ္စာများဖြင့် ပြည့်လျှံနေသော အနေအထားမဟုတ်သော်လည်း တော်တော်လေး ပြည့်ပြည့်စုံစုံ ရှိပါသည်။ လူနေမှုအဆင့်အတန်းသည် ကျေနပ်အားရဖွယ်လောက်အောင် ပြည့်စုံပါသည်။ ကျွန်တော့်နေအိမ်အား ကျွန်တော် တစိမ့်စိမ့် ကြည်နူးခံစားနေရသလို ကျွန်တော့်မိသားစုသည်လည်း ကျွန်တော့်နည်းတူ အားရကျေနပ်ကြပါသည်။ ကျွန်တော့်နေအိမ်

mgyoe.com

နှင့် ပတ်ဝန်းကျင်ကို ကောင်းပေ့ဆိုသော အသစ်အသစ်ပစ္စည်းများဖြင့် အမြဲ ဖြည့်တင်းနိုင်ခဲ့သည်။ ဖြည့်တင်းနိုင်အောင်လည်း ကျွန်တော့်ဝင်ငွေအဆင့် အတန်းက ကောင်းခဲ့သည်။ သို့သော် ကျွန်တော်မရိပ်စားမိသည်မှာ ထိုထို သော အသစ်သစ်တို့၏နောက်ကွယ်တွင် ရိုးအီမှုနှင့် ငြီးငွေ့မှုများ ပုန်းအောင်း ချောင်းမြောင်းကာ တစ်နေ့သောအခါ ကျွန်တော်တို့ မိသားစုအား တိုက်ခိုက် တော့မည်ကို မရိပ်စားနိုင်ခဲ့ပါ။

ကျွန်တော်တို့မိသားစုသည် ထိုက်သင့်သော စည်းစိမ်ဥစ္စာ အဆောင် အယောင်ပစ္စည်းများဖြင့် မြို့ကြီးပြကြီးတွင် နေထိုင်ရသော အရသာကို ပီပီ ပြင်ပြင်ကြီး ခံစားနေကြသည်မှာ နှစ်ကာလအတန် ကြာညောင်းခဲ့သည်။ ဝါရှင်တန် ဒီစီမြို့တော်ကြီးရှိ လည်စရာ ပတ်စရာ နေရာများကို အနှံ့ပြား သွားလာ လည်ပတ်ခဲ့ကြသည်။ အစားအသောက်ဆိုလျှင်လည်း အကောင်း တကာ့ အကောင်းဆိုင်ကြီးများအနား မကပ်နိုင်ပေသည့် အကောင်းဆုံး အဆင့်ဝင်သော စားသောက်ဆိုင်များသို့ မိသားစုလိုက် သွားရောက်ကာ မီနူးစာရင်းထဲက ကောင်းပေ့ဆိုသော လက်ရာအစားအသောက်များကို စားသောက်ခဲ့ကြသည်။ ဝါရှင်တန်ဒီစီမြို့ကြီး၏ နံနက်ခင်းများ၊ ညနေခင်း များနှင့် ညခင်းများသည် ကျွန်တော်တို့မိသားစု၏ အပျော်ရွှင်ဆုံး၊ စိတ်လက် ချမ်းသာ အရှိဆုံးနေ့ရက်များ၊ အချိန်များ ဖြစ်ခဲ့သည်။

ကျွန်တော်တို့၏ အသက်မတိမ်းမယိမ်း ဆယ်ကျော်သက် သားနှင့် သမီးတို့သည်လည်း ဝါရှင်တန်ဒီစီဟူသော မြို့တော်ကြီးတွင် နေထိုင်ရ၍ လွန်စွာဂုဏ်တက်နေကြသည်။ သူတို့တက်ရောက်သင်ကြားနေသော အထက်တန်းကျောင်းကြီးသည် အမေရိကန်တစ်နိုင်ငံလုံးတွင် အကောင်းဆုံး ကျောင်းဟု ထင်နေကြသည်။ ကျောင်းတွင် ခင်မင်ရင်းနှီးခဲ့ကြသော လူကုံထံ သားသမီးများနှင့် သူငယ်ချင်းဖြစ်ခွင့်ရခြင်းကိုလည်း သူတို့ တော်တော်ကြီး မြောက်ကြွနေကြ၏။ သူတို့ ကျောင်းကပြန်လာပြီး ညပိုင်း မိသားစု စကားဝိုင်း ဖွဲ့လျှင် သူငယ်ချင်းများစီးလာသည့် ကောင်းပေ့ညွှန့်ပေ ရိုးရွိုက် ကားအကြောင်း သူတို့မိခင်၏ စိန်ပွင့်များအကြောင်း၊ သူတို့ဖခင်၏ နိုင်ငံရပ်ခြားက ကုမ္ပဏီခွဲများအကြောင်း စသည်ဖြင့် ပြောလိုက်ကြသည်မှာ

mgyoe.com

ရွှန်းရွှန်းဝေနေသည်။

သို့ဖြင့် ကျွန်တော်သည် ကျွန်တော်တို့မိသားစု မြို့ကြီးပြကြီးတွင် လက်ရှိနေထိုင်ရသော အခြေအနေကို တစ်ချက်တစ်ချက် သံသယဝင်သလို ရှိလာသည်။ ငါ တစ်ခုခုများ မှားနေပြီလား၊ ငါ ဘာတွေကို အထင်ကြီး လေသလဲ၊ ငါတို့မိသားစုနေထိုင်မှုသည် မွန်းကျပ်လွန်းသော မြို့ပြကြီး၏ အရောင်တဖိတ်ဖိတ်အောက်မှာ နစ်မြုပ်ပျောက်ကွယ်နေပြီလားဟု တွေးနေ မိသည်။

ကျွန်တော် တွေးထင်မိသည့်အတိုင်း ကျွန်တော်တို့မိသားစုသည် မြို့ပြကြီး၏ အရောင်တဖိတ်ဖိတ်အောက်တွင် နစ်မြုပ်နေပါသည်။ အချိန်နှင့်အမျှ ပြောင်းလဲနေသော မြို့ပြကြီးအနေအထားသည် ကျွန်တော်တို့၏ နေထိုင်မှုဘဝနှင့် အလုပ်လုပ်ရမှုအပေါ်တွင် အမြဲတမ်း မွန်းကျပ်မှုများ ပိုမို လာသည်။ မြို့ပြကြီးတွင် နေထိုင်လုပ်ကိုင်လာရသည်မှာ မွန်းကျပ်လာသည် နှင့်အမျှ ငြီးငွေ့မှုဟူသော စိတ်ညစ်ညူးမှုဝေဒနာလည်း ထပ်ဆင့်ခံစားလာခဲ့ ရသည်။

နောက်ဆုံးမှာတော့ ကျွန်တော့်အလုပ်နှင့်ပတ်သက်ပြီး ဤဝါရှင်တန် မြို့ပြကြီးမှ ပြေးထွက်သွားရန် ကျွန်တော်၏ဇနီးထံမှ စကားသံတစ်ခု ထွက်ပေါ်လာသည်။ ကျွန်တော်တို့ မိသားစုသည် ကျွန်တော့်အလုပ်ကိစ္စနှင့် ပတ်သက်ပြီး အပြောင်းအရွှေ့ အတွေ့အကြုံလည်း ရှိခဲ့ဖူး၍ ဖြစ်သည်။ ကျွန်တော့်ဇနီးက "ဒီတစ်ခါ ထပ်ပြီး တစ်နေရာရာကို ပြောင်းရွှေ့ခွင့်ရရင်တော့ ကျွန်မတို့အားလုံး ပျော်ကြရမှာပဲ" ဟု သူ့ဆန္ဒကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော် လာသည်။ ကျွန်တော် နားလည်လိုက်ပါသည်။ ဆယ်ကျော်သက်နှင့် ပတ်သက်၍ အနာဂတ်အရေး တွေးကြရာဝယ် ကျွန်တော်နှင့် ကျွန်တော့်ဇနီး စိတ်ကူးကိုယ်တူ ရှိခဲ့သည်။ တွေးတောမြော်မြင်ချက်များ တစ်ထပ်တည်း ကျခဲ့သည်။ ကျွန်တော်တို့သည် သမီး ရည်းစားဘဝကတည်းက ဆယ်ကျော် သက်အရွယ်၏ ကမောက်ကမနိုင်မှုများကို ဆွေးနွေးခဲ့ကြဖူးသူများ ဖြစ်သည်။

ကျွန်တော်သည် ဝါရှင်တန်ဒီစီမြို့တော်ကြီးတွင် နေထိုင်လုပ်ကိုင် နေရသော လက်ရှိအလုပ်ကို တော်တော်လေး နှစ်သက်သည်။ သို့သော်

mgyoe.com

mgyoe.com

ဝါရှင်တန်ဒီစီမြို့တော်ကြီး၏ မြို့လယ်ကောင် တစ်နေရာတွင် နေထိုင်ရသော ကျွန်တော်တို့မိသားစု ဘဝအတွက်တော့ ယခုနေအခါ မနှစ်သက်ဖွယ်ရာများ ဖြင့် ရင်ဆိုင်လာရချေပြီ။ ယင်းသဘောကို ကျွန်တော့်ဇနီးသည်ကလည်း သိနေမြင်နေသည်။ ကျွန်တော် ပြောင်းရွှေ့ချင်နေသည်ကိုလည်း သူ ရိပ်ဖမ်း သံဖမ်းသိနေသည်။ အကြောင်းမှာ ဝါရှင်တန်မြို့တော်ကြီး၏ အသစ်အသစ် များ နောက်ကွယ်တွင် ပုန်းအောင်းနေသောအရာများသည် ကျွန်တော်တို့ မိသားစုအား တိုက်ခိုက်ရန် လက်တစ်ကမ်းအကွာသို့ ရောက်ရှိလာနေခြင်း ကြောင့် ဖြစ်သည်။

အကြောင်းမှာ ကျွန်တော်တို့၏ ဆယ်ကျော်သက်နှစ်ဦးသည် ပစ္စတို သေနတ်အကြောင်း ပြောလာကြသည်။ မေးလည်း မေးလာကြသည်။ သေနတ်ပစ်သင်တန်းလည်း တက်ချင်နေသည် ဆို၏။ ပစ္စတိုသေနတ်တစ် လက် ပိုင်ဆိုင်ခွင့်ရလျှင် သူတို့ဘဝလုံခြုံသည်ဟုလည်း ဆိုလာ၏။ ဤ စိတ်ကူးများ ဘယ်အရပ်ကလာသနည်း၊ ကျွန်တော်တို့ မိဘနှစ်ပါး ချက်ချင်း သိပါသည်။ သူတို့ပေါင်းသင်းနေသော ရေပေါ်ဆီသူငယ်ချင်းများဆီက လာသည်မှာ တပ်အပ်သေချာသည်။ ထို့ပြင် မူးယစ်ဆေးဝါးကိစ္စကလည်း လာပြန်ပါသေးသည်။ အသစ်အသစ်သော သီချင်းများအား အရသာရှိရှိ နားထောင်ခံစားနိုင်ရန် ဆေးပြားဟူသော ကြားခံပစ္စည်းရှိမှ ဖြစ်သည်ဟု ဆိုလာသည်။ "ဟုတ်ပါ့မလား"ဟု ကျွန်တော်က ကောက်ကာငင်ကာ ငြင်းချက်ထုတ်သော အခါ "ဒါ ဘာဟုတ်သေးလဲ"ဟူသော ပုံစံမျိုးဖော်ပြကာ သားနှင့်သမီးက စောဒကတက်ချင်သည့်ပုံရိပ်များ ဖော်ပြလာသည်။ ဘုရား...ဘုရား ကျွန်တော် လွန်စွာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားပါသည်။ သူတို့လေးတွေ စိတ်ကြွစိတ်ကျ ဆေးပြား တစ်ပြားတလေ စမ်းသုံးစွဲဖူးပြီးပြီ လား။ ဝါရှင်တန်ဒီစီမြို့တော်ကြီးသည် လွန်စွာသာယာလှပသည်။ လွန်စွာလည်း အသစ်အဆန်း ပေါများသည်။ လွန်စွာလည်း ဆန်းကြယ် သည်။ လွန်စွာလည်း သိမ်မွေ့နက်နဲသည်၊ လွန်စွာ မာယာပရိယာယ် ကြွယ်သည်။ ကျွန်တော်တို့ဇနီးမောင်နှံ ခေါင်းကြီးနေကြသည်။

ဝါရှင်တန်ဒီစီမြို့တော်ကြီး၏ မြို့လယ်ကောင်တစ်နေရာတွင်

mgyoe.com

mgyoe.com

နေထိုင်နေရခြင်းသည် ကျွန်တော့်မိသားစုအတွက် အထူးသဖြင့် ကျွန်တော်တို့ ဆယ်ကျော်သက်နှစ်ဦးအတွက် အကောင်းဆုံးနေရာ မဟုတ်တော့ဟု ကျွန်တော်နှင့် ကျွန်တော့်ဇနီးတို့ အပြီးအပိုင် ဆုံးဖြတ်ချက်ချပြီးနောက် ကျွန်တော့်ဇနီးသည်ကိုခေါ်ပြီး အေးအေးဆေးဆေး စကားပြောဆိုလိုက်သည်။ "ဟန်နီရေ...ကိုယ်တို့ စကားပြောစရာရှိလို့ကွာ၊ လာပါဦး။ ကိုယ်တို့ ပြောင်းတယ်ရွှေ့တယ်ဆိုတာ ပြောင်းချင်တိုင်း ပြောင်းလို့တော့ မရသေးဘူးကွ၊ အဲဒါက တို့အတွက် အတားအဆီးတစ်ခုပဲ၊ မင်းသိတဲ့အတိုင်း ကိုယ်တို့ ဘယ်မှာနေရမယ်၊ ဘယ်ကို ပြောင်းရွှေ့ရမယ်ဆိုတာ သူတို့စီစဉ်ပေးတဲ့အတိုင်းပဲလေ။ သူတို့ပြောတဲ့အတိုင်းပဲ ပြောင်းရွှေ့ရတာပဲလေ"ဟု ကျွန်တော်က အကျိုးသင့်အကြောင်းသင့် ရှင်းပြလိုက်သည်။ သူမကတော့ ဘာမျှပြန်မပြော။ သို့သော် သူမမျက်ဝန်းကို လှမ်းကြည့်လိုက်သည့်အခါမှာတော့ သူမတောင်းဆိုမှုသည် ပေါ့ပေါ့တန်တန်မဟုတ်မှန်း ကျွန်တော် သတိထားမိလိုက်သည်။ ကျွန်တော်တို့မိသားစုအတွက် သေရေးရှင်ရေးဖြစ်နေသည်ဆိုကြောင်းကိုလည်း ဖော်ပြနေသည်။

ကျွန်တော်တို့ လင်မယားနှစ်ယောက်သည် ပြောင်းရွှေ့ရေးအတွက် ကျွန်တော့်အလုပ်နှင့် ပတ်သက်၍ ဖြစ်နိုင်ခြေရှိသည်များကို တိုင်ပင်စဉ်းစားကြသည်။ နောက်ဆုံးတော့ ကျွန်တော် သူ့ကို နှစ်သိမ့်စကားပြောကြားလိုက်သည်။ "အိုကေ...ဘယ်လိုလုပ်ရမလဲ ကိုယ်စဉ်းစားပါ့မယ်၊ အကောင်းဆုံးဖြစ်ရမယ်"

နောက်တစ်နေ့နံနက် ရုံးတက်ချိန်တွင် ကျွန်တော်သည် ကျွန်တော့်အထက်အရာရှိကို ဝင်တွေ့ပြီး ကျွန်တော်တို့မိသားစု၏ အခက်အခဲများ၊ ဆယ်ကျော်သက်ရွယ် သားနှင့်သမီး အခြေအနေများကို ပွင့်လင်းရင်းနှီးစွာ ရင်ဖွင့်ပြလိုက်သည်။ အကျိုးသင့်အကြောင်းသင့် ပြောပြခြင်းထက် ရင်ဖွင့်ပြလိုက်ခြင်းက ပိုကောင်းမည်ဟုလည်း ကျွန်တော်ယူဆသည်။ "ကျွန်တော် ဒီမှာ အလုပ်လုပ်ရတာကို မြတ်နိုးဂုဏ်ယူပါတယ်။ တန်ဖိုးလည်း ထားပါတယ်။ ပျော်ပျော်ရွှင်ရွှင်နဲ့လည်း အလုပ်လုပ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အလုပ်နဲ့ မိသားစုကြားမှာ ချိန်ဆစဉ်းစားစရာလေး ပေါ်ပေါက်နေပါတယ်။

mgyoe.com

ပြဿနာရှိနေတယ်လို့လည်း ဆိုနိုင်ပါတယ်။ ကျွန်တော့်မိန်းမဟာ ဒီမြို့ကြီးမှာနေရတာကို ငြီးငွေ့ပြီး ထွက်ခွာသွားဖို့ ကျွန်တော့်ကို တောင်းဆိုနေပါတယ်။ ကျွန်တော်လည်း ဒီအတိုင်းပါပဲ။ အဓိကပြဿနာက ကျွန်တော့်ဆယ်ကျော်သက် သားနဲ့သမီးတို့ ပေါင်းသင်းနေတဲ့ သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ ပတ်ဝန်းကျင်ဟာ သူတို့အတွက် မကြာခင်သောတစ်နေ့မှာ အဆိပ်အတောက် ဖြစ်လာတော့မယ်လို့ မြင်ယောင်နေမိပါတယ်။

ဒါကို အထူးစိုးရိမ်သောက နေ့စဉ်နဲ့အမျှ ပွားနေသူကတော့ ကျွန်တော့်မိန်းမပါပဲ။ ဒါကြောင့်လည်း သူဟာ ကျွန်တော်တို့ရဲ့ကလေးတွေကိုခေါ်ကာ ဒီမြို့က ထွက်ခွာသွားဖို့ စိုင်းပြင်းနေတာ ဖြစ်ပါတယ်။ ဒီလိုထွက်ခွာသွားမယ်ဆိုရင် ကျွန်တော်ဟာ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရမှာပါ။ ကျွန်တော့်အနီးအနားမှာ မိန်းမနဲ့သားသမီးတွေ မရှိတော့ဘူးဆိုရင် အလုပ်ကိုလည်း စိတ်ပါလက်ပါနဲ့ ထိထိရောက်ရောက် လုပ်နိုင်တော့မှာ မဟုတ်ပါဘူး။ အဲဒီအခါမှာတော့ ဘော့စ်အတွက်လည်း ထိခိုက်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်ဟာ အချိန်ရှိသရွေ့ မိသားစုအတွက် စိတ်ပူကြောင့်ကြနေရလို့ပဲ ဖြစ်ပါတယ်"

ကျွန်တော်သည် အပြင်းအထန် တောင်းဆိုနေခဲ့သော်လည်း သူကတော့ ကျွန်တော့်ကို ထွက်ခွာသွားခွင့်ပေးချင်ပုံ မရ။ သူနှင့်ကျွန်တော် အပြန်အလှန်ဆွေးနွေးနေကြစဉ် သူ အတန်ကြာ စဉ်းစားချင်သေးသည်ဟုဆိုပြီး စကားဖြတ်ကြသည်။ ထို့နောက် သူ စဉ်းစားခန်းဝင်ပါသည်။ ပြီးနောက် ကျွန်တော့်ကို လှမ်းခေါ်သည်။ သူက ဝါရှင်တန်ဒီစီ၏ အပြင်ဘက်တစ်နေရာတွင် အေဂျင်စီအခွဲတစ်ခု ဖွင့်လှစ်ရန်ရှိကြောင်း စကားစပြောသည်။ သူက ထိုနေရာတွင် အလုပ်ပြောင်းရွှေ့နိုင်ရန် ကူညီပေးနိုင်ကြောင်း ပြောဆိုသည်။ ဤသို့ဖြင့် ကျွန်တော် ဝါရှင်တန်ဒီစီကို ကျောခိုင်းထွက်ခွာသွားပြီဟူသော သတင်းထွက်လာသည့်အခါ ကြားရသူတိုင်းက မယုံနိုင်ဟူ၍လည်း လှောင်သူကလှောင်၏။ လုပ်ဖော်ကိုင်ဖက်တစ်ဦးကဆိုလျှင် ကျွန်တော့်အား "စတမ်...မင်းရူးနေပြီလား၊ စီနီယာ အုပ်ချုပ်ရေးမှူးဖြစ်နိုင်တဲ့ အခွင့်အရေးရှိလျက်သားနဲ့ ဘာဖြစ်လို့ အဝေးကိုထွက်သွားရတာလဲ၊ မင်း ဘယ်လိုလုပ်

mgyoe.com


လိုက်တာလဲ”ဟု ကိုယ်တိုင်ကိုယ်ကျ လာပြောရှာသည်။ ၎င်းလုပ်ဖော်ကိုင်ဖက်သည် ကျွန်တော် အလုပ်ကြိုးစားကြောင်း သူသိသည်။ ကျွန်တော်၏ တိုးတက်ရာလမ်းကိုလည်း သူမြင်သည်။ ကျွန်တော်ကတော့ သူ့ကို ပြုံး၍သာ ငြိမ်နေပေးလိုက်သည်။

စကားတစ်ခွန်းကိုတော့ ဖွင့်ဟပြောကြားခဲ့သည်။ “အားလုံးကို စွန့်လွှတ်လိုက်ရတယ်လို့တော့ ကျွန်တော် မထင်ပါဘူးဗျာ”ဟူ၍ ကျွန်တော့်ရင်ထဲမှာတော့ သူ့ကို စကားတွေ ဆက်ပြောနေမိသည်။ “အဲဒီရာထူးစည်းစိမ် ဂုဏ်ရှိန်ဂုဏ်ဝါတွေထက်ကောင်းတဲ့ နောက်ထပ် တစ်စုံတစ်ရာကို ထိတွေ့ ပိုင်ဆိုင်နိုင်ဖို့ ကြိုးစားလိုက်တာပါ”ဟူ၍ ဖြစ်သည်။ ကျွန်တော့်ရင်ထဲတွင် တိတ်တိတ်ကလေး ပြောခဲ့သော စကားသည် သူမသိရလည်း အရေးမကြီးပေသည့် ကျွန်တော့်အတွက်တော့ စွဲစွဲမြဲမြဲ သံမှိုစွဲထားသည့် စကားများ ဖြစ်သည်။ တစ်နည်းအားဖြင့် ကျွန်တော့်ယုံကြည်ချက်ဖြစ်ပြီး မဖြစ်မနေ လုပ်ဆောင်ရန် သတိရနေရမည့် သတိပေးချက်လည်း ဖြစ်ပေသည်။

ကျွန်တော့်မိတ်ဆွေ တော်တော်များများကတော့ ကျွန်တော်၏ လုပ်ရပ်ကို နှာခေါင်းရှုံ့ကြသည်။ ခေါင်းခါကြသည်။ ပခုံးတွန့်ကြသည်။ တော်သေး၏။ အပြစ်မတင်ဘဲ ချစ်ချစ်ခင်ခင်ဖြင့် လာရောက်နှုတ်ဆက်ခဲ့ကြသည်။ ကံမကုန်သေးလျှင် ပြန်ဆုံကြသေးတာပေါ့ဟု ဆိုကြ၏။ ပြီးတော့ သူတို့စိတ်လက်ပေါ့ပါးစွာ ထွက်ခွာသွားကြသည်။ လူ့ငတုံးတစ်ယောက်ကို သည်မှာတင်ပဲထားခဲ့လိုက်ကြတော့သည် ဟူသောပုံစံမျိုးနှင့် ဖြစ်သည်။ ထို့နောက် ကျွန်တော်တို့မိသားစု ဝါရှင်တန်မှ ထွက်ခွာလာခဲ့ကြသည်။

သို့ဖြင့် ကျွန်တော်တို့မိသားစုသည် ဝါရှင်တန်ဒီစီမြို့ကြီးမှ ထွက်ခွာလာကာ ကီလိုမီတာ အတန်အသင့်ကွာလှမ်းသော ကျေးလက်ဆန်သည့် မြို့ငယ်လေးတစ်ခုတွင် အခြေချမိပါတော့သည်။ ဆယ်ကျော်သက် သားနှင့် သမီးသည် ဝါရှင်တန်မှ ပြောင်းသွားကြမည်ဆိုသောအခါ အကျောက်အကန် ငြင်းဆန်နေကြသည်။ တင်းခံဟုလည်း ခြိမ်းခြောက်လိုက်သေး၏။ ဆယ်ကျော်သက်ဟူသည် မိမိကိုယ်ကျိုးစီးပွား ထိခိုက်လာသည်ဟု ယူဆသောအခါ မိဘကိုပင် တန်ပြန်တတ်သည်။ တန်ပြန်ခြင်းနှင့် တုံ့ပြန်ခြင်းသည်

mgyoe.com

mgyee.com

ဒွန်တွဲသည်။ မိဘအား တုံ့ပြန်ရာတွင် ကလန်ကဆန် ပြုမူတတ်ခြင်းကအစ ပြုပြီး အကြီးအကျယ်ဆန္ဒပြတတ်ခြင်းလည်း အဆုံးစွန်ထိ ပါဝင်တတ်သည်။

ကျွန်တော်နှင့် ဟန်နီကတော့ သူ့ရဲ့ပါးစပ် ဟလိုက်သည်ဆိုကတည်းက သူတို့ဗိုက်ထဲ အူဘယ်နှခွေရှိသည်ကို သိပြီးဖြစ်သည်။ သူတို့သည် ကျွန်တော်တို့၏ သားသမီးဖြစ်သည်။ ရင်နှစ်သည်းချာဖြစ်သည်။ မိသားစု၏ အရေးကြီးသော ဌာပနာဖြစ်သည်။ ကျွန်တော်တို့ဇနီးမောင်နှံ သူတို့နှစ်ဦးကို ကောင်းစွာကိုင်တွယ်နိုင်ခဲ့သည်။ ကောင်းစွာလည်း ထိန်းချုပ်နိုင်ခဲ့သည်။ ကျွန်တော်တို့သည် ဆယ်ကျော်သက်အား ထိန်းကျောင်းခြင်းပညာတွင် တစ်ဖက်ကမ်းခတ် တတ်ထား၍လို့တော့မဟုတ်၊ ကျွန်တော်တို့၏ တက္ကသိုလ်ပညာရေးတွင်လည်း မောင်တို့မယ်တို့ အိမ်ထောင်ကျသည့်အခါ မွေးလာသည့် ဆယ်ကျော်သက်ကို မည်သို့ ထိန်းကျောင်းရမည်နည်းဟူသော ဘာသာရပ်တစ်ခုတိုးပြီး ပါမောက္ခများက သင်မပေးခဲ့ပါ။ ဆယ်ကျော်သက်ကို ထိန်းကျောင်းခြင်းအတတ်ပညာတွင် ကျွန်တော့်အထင်ကိုပြောရလျှင် လိုတိုးပိုလျှော့ မျှော့ကြိုးတစ်ချောင်းတော့ လိုမည်ဟု ဆိုချင်သည်။

ကျွန်တော်တို့ဇနီးမောင်နှံသည် သူတို့နှစ်ဦးကို ထိန်းချုပ်နိုင်ရန် မျှော့ကြိုးကောင်းကောင်း တစ်ချောင်းကိုင်ထားနိုင်ပါသည်။ ထိုမျှော့ကြိုးဖြင့် သူတို့နှစ်ဦးအား စည်းရုံးသိမ်းသွင်း (တုပ်နှောင်)ကာ ခေါ်ဆောင်သွားနိုင်ခဲ့ပါသည်။ ကျွန်တော်တို့ မျှော့ကြိုးကို ကိုင်ထားနိုင်ပေသည့် အာတော့ပေါက်ပါသည်။ အာပေါက်ရခြင်း၏ အဓိပ္ပာယ်သည်လည်း မျှော့ကြိုးကို အသုံးချခြင်းဟု ယူဆနိုင်သည်။

ကျွန်တော့်သားနှင့်သမီးသည် ကျွန်တော်တို့ ပြောင်းရွှေ့မည့် အစီအစဉ်ကို အကျောက်အကန် ငြင်းကြသည်။ ခြိမ်းခြောက်မှုတောင် ပြုလုပ်သေး၏။ သူတို့အား ဝါရှင်တန်မှ အခြားနေရာသို့ ခေါ်ဆောင်သွားပါက ကျောင်းက နုတ်ထွက်လိုက်မည်၊ ခြေဦးတည့်ရာ လျှောက်သွားမည်၊ သူငယ်ချင်းတစ်ဦးဦး၏အိမ်တွင် အပြီးနေလိုက်တော့မည်၊ ပြင်ပအဆောင်တစ်ခုခုတွင် သွားနေမည်၊ နိုက်ကလပ်၌ အချိန်ဖြုန်းတော့မည် စသည်ဖြင့် စသည်ဖြင့် ကရားရေလွှတ် ပြောနေကြသည်။ ကျွန်တော်တို့ ဇနီးမောင်နှံသည်

mgyee.com

mgyoe.com


သူတို့က ရန်တွေ့သလို ပြောနေကြသော စကားများကို ငြိမ်သက်စွာ နားထောင်ပေးလိုက်သည်။ ထို့ပြင် သားတို့သမီးတို့ ပြောစရာစကား ကျန်သေးလား၊ ကျန်သေးပါက ကုန်စင်အောင်ပြောလိုက်ပါ၊ အဖေတို့ အမေတို့ ကောင်းစွာ နားထောင်နေပါသည်။ ထို့ပြင် သားတို့သမီးတို့ဆန္ဒကိုလည်း အလေးအနက်ထား စဉ်းစားပေးပါမည်ဟု ပြောပြလိုက်သည်။ သူတို့သည် ငိုကြွေးကြ၏။ မျက်ရည်ခံထိုးကြ၏။ သနားစရာတော့ အကောင်းသား။

သူတို့အတွက် ဝါရှင်တန်မှ ပြောင်းရွှေ့ရေးသည် သေရေးရှင်ရေး တမျှ အရေးကြီးကောင်း ကြီးနေပါလိမ့်မည်။ သူတို့၏ ရွှေတောင်ကြီး ပြိုကွဲသွားခြင်းဟုလည်း ယူဆကောင်း ယူဆပေလိမ့်မည်။ သူတို့၏ ပျော်စံရာဘဝ၊ သူတို့အထင်ကြီးလေးစားအားကျသော သူငယ်ချင်းအပေါင်းအသင်း အသိုင်းအဝိုင်းကို စွန့်ခွာဆုံးဖြတ်ရခြင်းအတွက် သူတို့ဘဝတွင် တန်ဖိုးမဖြတ်နိုင်သော ကြီးစွာသော ဆုံးရှုံးမှုဖြစ်ရသည်ဟု သူတို့ ခံယူကောင်း ခံယူပါလိမ့်မည်။ ကျွန်တော်တို့လည်း ကိုယ်ချင်းစာနာနိုင်ပါသည်။ လူဟူသည် ရယ်မောပျော်ရွှင် လွတ်လပ်စွာ ကျင်လည်ခဲ့ရသော ပတ်ဝန်းကျင်မှ စွန့်ခွာပြောင်းရွှေ့ရသောအခါ မည်သို့သော သောကဖိစီးခြင်း ခံရမည်ကို ကျွန်တော်တို့ သိထားပါသည်။ ကျွန်တော်ကိုယ်တိုင်ပင် ပတ်ဝန်းကျင်အပြောင်းအရွှေ့၏ သောကဖိစီးခြင်းကို ခံဖူးရသောကြောင့် ဖြစ်သည်။ အင်မတန် ကြေကွဲစရာကောင်းပါသည်။ အင်မတန် ဒေါသဖြစ်ဖွယ်ရာ ကောင်းပါသည်။ အင်မတန် သေချင်လောက်အောင် အားငယ်စိတ်များက ကြီးစိုးပါသည်။

ကျွန်တော့် ကိုယ်ချင်းစာစိတ်အရ ကျွန်တော့်သားသမီးများအား ထိုသို့မခံစားရစေနိုင်ရန် ကျွန်တော် အကောင်းဆုံး ကြိုးစားပါသည်။ ကျွန်တော်၏လက်နက်သည် ရိုးသားသိမ်မွေ့ ဖြောင့်စင်းသော မျှော့ကြိုးလက်နက်ပင် ဖြစ်သည်။ သူတို့တင်းလျှင် ကျွန်တော် လျှော့ဖြေပေးလိုက်ပါသည်။ သူတို့၏ ဆုံးရှုံးမှုများနှင့် စိုးရိမ်သောကစိတ်ကို နားလည်ကြောင်း အထပ်ထပ်ပြောပါသည်။ ကျွန်တော်တို့ မိသားစုလေးယောက် ညဘက် စကားတွေ ပြောပါသည်။ ကျွန်တော်တို့ ညဘက် စကားတွေပြောခဲ့ရသည်မှာ ရေတွက်မထား၍ မမှတ်မိတော့ပါ။ ထိုညများသည် ဖျောင်းဖျခြင်း

mgyoe.com

ညများသာ ဖြစ်ပါသည်။

ကျွန်တော်နှင့်ဟန်နီ၏ ဖျောင်းဖျမှုထဲတွင် အဓိကပါဝင်သည်မှာ "ပစ်တိုင်းထောင်စိတ်ဓာတ်"ပင် ဖြစ်သည်။ ကျွန်တော်တို့ ဇနီးမောင်နှံကတော့ ကျွန်တော်တို့ သားသမီး ဆယ်ကျော်သက်နှစ်ဦး လက်ရှိရင်ဆိုင်နေရသော ရေပေါ်ဆီလူတန်းစား သားသမီးများ၏ အောက်ခြေလွတ်ဘဝကို မုန်းတီးနေသည်။ ရေပေါ်ဆီလူတန်းစား အောက်ခြေလွတ် သားသမီးများနှင့် ပေါင်းဖက်တွေ့ကာ လေးစားအထင်ကြီးနေသော ကျွန်တော်တို့ သားသမီးနှစ်ဦးကိုလည်း ယခု ခြေစုံကန် ဆွဲနုတ်နေရခြင်းကြောင့် ကျွန်တော် အာပေါက်နေရခြင်း ဖြစ်သည်။ ဤအခင်းအကျင်းသည် ကျွန်တော်တို့အတွက် တိုက်ပွဲဖြစ်သည်။ ဆယ်ကျော်သက် ကောင်းစားရေးအတွက် တော်လှန်ရေးဖြစ်သည်ဟု ကျွန်တော်တို့ ခံယူထားသည်။ ထို့ကြောင့်လည်း ကျွန်တော်နှင့်ဟန်နီ လက်ဝါးချင်း ရိုက်ထားပါသည်။

ကျွန်တော်သည် ရေပေါ်ဆီလူတန်းစား သားသမီးများအား ဆယ်ကျော်သက်အပျက်များဟု ပြောဆိုလိုခြင်း ရည်ရွယ်ရင်း လုံးဝ မရှိပါ။ ကျွန်တော့် ဆယ်ကျော်သက်များကိုတော့ သူ့ဘဝနှင့်သူ၊ ကိုယ့်ဘဝနှင့်ကိုယ် ခွဲခွဲခြားခြား သိနားလည်ထားဖို့တော့ လိုသည်ဟုသာ တဖွဖွ ဆိုခဲ့သည်။ အကြောင်းမှာ ကျွန်တော်တို့အားလုံး မိဘနှစ်ပါးက ပေးအပ်သော ဘဝများနှင့် နေထိုင်ကြီးပြင်းရသောကြောင့် ဖြစ်၏။ မိဘနှစ်ပါးက ပေးအပ်သော ဘဝတွင် ကျွန်တော်တို့သည် ကြိုးစားရသည်၊ ရုန်းကန်ရသည်၊ တက်လမ်းကို ရှာဖွေရသည်။ မည်သူမျှ အဆင့်ကျော်၍မရ။ ဒီကြားထဲတွင် ကြီးပွားတိုးတက်ချင်ခြင်း၊ အောင်မြင်ကျော်ကြားလိုခြင်း၊ ထင်ရှားထိုးဖောက်လိုခြင်းတည်းဟူသော စိတ်ကူးယဉ်အိပ်မက်များတော့ မက်ခွင့်ရှိသည်။ ယင်းသည်လည်း မိမိတို့ရှေ့က အောင်မြင်ကျော်ကြား ကြီးပွားချမ်းသာသူများအား လေးစားအားကျ မြင်တွေ့ခဲ့ရသောကြောင့် ဖြစ်သည်။

ကျွန်တော်တို့သည် စိတ်ကူးယဉ်ကမ္ဘာကြီးထဲ ဝဲလည်လှည့်ရင်း ပျောက်ဆုံးခဲ့ရသော အရာတစ်ခုရှိသည်။ ယင်းကို တော်တော်များများ မေ့နေကြသည်။ ယင်းမှာ "လက်တွေ့ကျသော စဉ်းစားသုံးသပ်ခြင်း"ပင် ဖြစ်သည်။

mgyoe.com


တော်တော်များများ မေ့နေကြသည့်အထဲတွင် ကျွန်တော်တို့၏ ဆယ်ကျော်သက် သားနှင့်သမီးလည်း ပါဝင်သည်။ သို့ကြောင့် ကျွန်တော်က သူတို့၏ စိတ်ကူးယဉ်အိပ်မက်ကမ္ဘာထဲက ပုတ်နှိုးလိုက်သည်။ သူတို့ကို စိတ်ကူးနှင့် လက်တွေ့ကို ရှင်းပြသည်။ သူတို့လိုချင်နေသော ရေပေါ်ဆီ အထက်တန်းလွှာ၏ လူနေမှုဟန်ပန်ကို ရရှိနိုင်ရန် မိမိတို့၏ လက်တွေ့ရရှိနေသော မိဘနှစ်ပါးက ပေးအပ်ထားသည့်ဘဝထဲက မည်သို့ ဖောက်ထွက်မည်လဲ၊ ဖောက်ထွက်ရမည့် နည်းလမ်းများရှိသည်၊ မိမိတို့ ဝါရင့်တန်က ထွက်ခွာခြင်းသည် ဖောက်ထွက်ရမည့် နည်းလမ်းထဲက တစ်ခုကို ရွေးချယ်အသုံးချလိုက်ခြင်း ဖြစ်သည်ဟု သူတို့ကို ပြောပြလိုက်သည်။

သားနှင့်သမီးသည် ပထမတော့ တွေတွေဝေဝေနှင့် နောက်ဆုံးတော့ စေ့စပ်ညှိနှိုင်းခြင်းသဘောအရ နားလည်လက်ခံလိုက်ကြသည်။ သူတို့သည် စိတ်ကူးယဉ်ကမ္ဘာထဲက လေးစားအားကျမိခြင်းသဘောသည် အတုအယောင်ပါလားဟူသည်ကို နားလည်သွားကြသည်ဟု ကျွန်တော်ယူဆသည်။ ဤသို့ဖြင့် ကျွန်တော့် ဆယ်ကျော်သက်နှစ်ဦးအား စိတ်ကူးယဉ်လား၊ လက်တွေ့ကျသလား၊ မိမိတို့ဘဝနှင့် အပ်စပ်သည်လားကို သူတို့ ရသွားကြပြီဟု နားလည်လိုက်သည်။

ကျွန်တော်တို့မိသားစု မြို့ငယ်လေးမှာ ပျော်ရွှင်နေကြသည်။ သားနှင့်သမီးသည်လည်း ထိုမြို့လေး၏ သာမန်ကျောင်းလေးမှာပင် ဆက်လက်ပညာသင်ယူရင်း မိတ်ဆွေသစ်များနှင့် ပျော်ရွှင်နေကြ၏။ ဟန်ဆောင်မှုကင်းသော၊ ပူလောင်ပြင်းရှခြင်းများ မရှိသော၊ အလိုလောဘမကြီးသော အပေါင်းအသင်းများနှင့် တွေ့ရ၍ သူတို့၏ရင်ထဲတွင် ငြိမ်းချမ်းအေးမြသော ပီတိတစ်မျိုးကို ခံစားနေရသည်ဟု ဆို၏။ ကျွန်တော်နှင့် ဇနီးသည်ကတော့ ထိုစကားများ ကြားရသည်နှင့် ကျေနပ်မိခြင်းအလီလီဖြင့် ဆိုဖွယ်ရာမရှိတော့။ ကျွန်တော်တို့မိသားစုသည် ကျွန်တော်တို့ဘဝတွင် ထိုမြို့လေး၌ ပထမဆုံး ကိုယ်ပိုင်အိမ်ကလေး ဝယ်ဖြစ်သောနေ့ကို တစ်သက်စာ အပျော်ဆုံးနေ့ဟု အမှတ်ရနေသည်။ ကျွန်တော်တို့မိသားစုသည် တစ်ပတ်လျှင် နှစ်ရက်ကျ မိသားစုညအဖြစ် သတ်မှတ်ထားသည်။ မိသားစုညသည် ကျွန်တော်တို့ဘဝ

mgyoe.com

mgyoe.com


ကို ပိုမိုပြီး သိုက်သိုက်ဝန်းဝန်း ရှိလာခဲ့သည်။ ကျွန်တော့်အနေဖြင့် ထိုသို့သော ပျော်ရွှင်မှုများအား မည်သည့်အရာနှင့်မျှ မလဲနိုင်တော့ပါဟုသာ ပြောရပါတော့မည်။

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ဆယ်ကျော်သက်နှင့်
## အောင်မြင်မှု၏ နောက်ကွယ်မှာ

လူငယ်တစ်ဦး၏ အောင်မြင်မှုအပေါ် အဓိပ္ပာယ်အကောက်လွဲခြင်း ကိစ္စကို တင်ပြချင်ပါသည်။ ထိုလူငယ်သည် အောင်မြင်မှုကို ခံ့မင်သူတစ်ဦး ဖြစ်၏။ ဤကိစ္စမှာ မဆန်းသောကိစ္စ ဖြစ်သည်။ လူငယ်တိုင်းသည် အောင်မြင်မှုကို ခံ့မင်ကြရိုးထုံးစံ ရှိသည်။ အောင်မြင်မှုကို မလိုချင်သော လူငယ်ဟူသည် မည်သူမျှရှိမည်မထင်။ ထိုနည်းတူစွာ လူလတ်ပိုင်း၊ လူကြီး ပိုင်းတို့သည်လည်း အောင်မြင်မှုကို ခံ့မင်တတ်ကြသည်။ အောင်မြင်မှု ဟူသည်ကို လိုချင်သည့်အတွက်လည်း လူတိုင်းလိုလို တခုတ်တရ ကျားကုတ် ကျားခဲ ကြိုးစားကြသည်ချည်း ဖြစ်သည်။ ထိုအထဲတွင် လူငယ်ပိုင်းက ပိုမိုသာလွန်မည် ဖြစ်သည်။ လူငယ်ဟူသည် အားမာန်ပြည့်ဝတက်ကြွနေ သော အရွယ်၏စွမ်းအားနှင့်အတူ ဦးနှောက်ဉာဏ်ရည်ကလည်း စွမ်းစွမ်း တမံ ထက်မြက်နေဆဲအရွယ်ဖြစ်၍ တွေးတိုင်းပေါက်၊ ထင်တိုင်းဆောက်ချင် သည့်အရွယ် ဖြစ်သည်။

အောင်မြင်မှုကို ဆွတ်ခူးချင်ကြသည်ဆိုရာတွင် အောင်မြင်မှု အသီး အပွင့်ကို လူတိုင်းက အဓိပ္ပာယ်အသီးသီး ဖွင့်ဆိုထားကြပြီး မိမိအဓိပ္ပာယ်နှင့် မိမိ ကိုယ်စီကိုယ်စီ အောင်မြင်မှုကို ရှာဖွေနေကြသည်။ များသောအားဖြင့် အောင်မြင်မှုဟူသည် ငွေကြေး၊ ဥစ္စာ၊ ပစ္စည်း၊ ဓန၊ အလုပ်အကိုင်အခွင့် အလမ်း၊ နေရာဌာနန္တရ စသည်တို့ကိုသာ လိုတိုင်းရ တတိုင်းဖြစ်နေသည်

mgyoe.com

mgyoe.com


ကို အောင်မြင်မှုအသီးအပွင့်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားကြသည်က များနေသည်။

သို့ရာတွင် အောင်မြင်မှုအသီးအပွင့်ဟူသည် ထိုမျှလောက်ဖြင့် မပြည့်စုံနိုင်သေးဟု ရှေးပညာရှိလူကြီးများက သတိပေးထားပြီး ဖြစ်သည်။ ယင်းသို့ သတိပေးထားသည်များကို ယခု လူကြီးပိုင်းရောက်နေသော တည်ငြိမ်ရင့်ကျက်ပြီး သူများကပင် အချို့မေးချင်ချင် ဖြစ်နေကြသေးသည်ကို တွေ့မြင်နေရမည် ဖြစ်သည်။ အောင်မြင်မှုဟူသည် ရုပ်ပိုင်းဆိုင်ရာ ကုံလုံပြည့်စုံမှုထက် စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုပါဝင်ပါမှ အောင်မြင်မှုဟူသောအဓိပ္ပာယ် ပြည့်စုံမည်ဆိုသည်ကို လူကြီးပိုင်းအချို့က မေ့တေ့တေ့ဖြစ်နေသေးလျှင် လူငယ်ပိုင်းအရွယ်ဟူသည်မှာကတော့ ဆိုဖွယ်ရာမရှိ ဖြစ်နေပါလိမ့်မည်။

လူငယ်တို့သည် ဘဝအောင်မြင်မှုဟူသည် ရုပ်ပိုင်းအပြင် စိတ်ပိုင်းအောင်မြင်မှုရပါမှ အောင်မြင်မှု စစ်မှန်မည်ကို မသိနိုင်သေးခြင်းမှာ အပြစ်တစ်စုံတစ်ရာတော့ ဆိုဖွယ်ရာမရှိပါ။ ထိုသို့ မသိသေးသောလူငယ်ကို သိပြီးဖြစ်သည့် လူကြီးတစ်ဦးက လက်ခံနိုင်လောက်သော ပြောဆိုဆွေးနွေးမှုဖြင့် သိသာမြင်သာအောင် ထောက်ပြပေးရမည် ဖြစ်သည်။ ထိုသို့ ထောက်ပြပြောဆိုထားသော ဇာတ်လမ်းတစ်ပုဒ်ကို ယခုတင်ပြပါမည်။ လူငယ်တစ်ဦး၏ အောင်မြင်မှုအပေါ် အဓိပ္ပာယ်အကောက်လွဲခြင်းကိစ္စကို လူကြီးတစ်ဦးက ထောက်ပြဆွေးနွေးထားခြင်း ဖြစ်သည်။ ၎င်းလူကြီးကပင် ဆက်ဆိုထားပါသည်။ လူငယ်အရွယ် ပုဂ္ဂိုလ်တစ်ဦးက အောင်မြင်မှုကို အဓိပ္ပာယ်အကောက်လွဲနေလျှင် ဆယ်ကျော်သက်ကလေးများဆိုလျှင် ပိုမို၍ပင် အဓိပ္ပာယ်အကောက်လွဲနိုင်ပါသည်။ အောင်မြင်မှုကို အဓိပ္ပာယ်အကောက်လွဲရခြင်းသည် လူတို့၏ အသက်အရွယ် အပိုင်းအခြားနှင့်မဆိုင်၊ မည်သည့်အရွယ်မှာ မည်သို့ပြောဆိုတည့်မတ်ရမည်ဟုလည်း ကန့်သတ်မထား၊ သို့ကြောင့် အဓိပ္ပာယ်အကောက်လွဲနေလျှင် လွဲနေကြောင်းသိရသည်နှင့် အနီးဝန်းကျင်ရှိ လူကြီးတစ်ဦးက လျင်မြန်စွာ ဝေဖန်ဆွေးနွေးထောက်ပြပေးနိုင်ရန်သာလို၏ဟု ဆိုသည်။

mgyoe.com

mgyoe.com

ထို့ပြင် မိဘများသည် မိမိတို့ဆယ်ကျော်သက်များအား မကြာခင် တွေ့ဆုံရင်ဆိုင် ခံစားကြရတော့မည့် အောင်မြင်မှုအသီးအပွင့်တို့သည် အောင်မြင်မှု အစစ်အမှန်ဖြစ်၏လား။ ဟန်ပြ အယောင်အဆောင် အောင်မြင်မှု ဖြစ်ပါ၏လားကို ဆယ်ကျော်သက်အရွယ်ကတည်းကပင် ခွဲခြားသတ်မှတ်နိုင်အောင် အလျင်အမြန် ထောက်ပြထားသင့်သည်ဟု ဆိုထားသည်။ အဘယ့်ကြောင့်ဆိုသော် ဆယ်ကျော်သက်တို့သည်လည်း အောင်မြင်မှု အသီးအပွင့်များကို ဆာလောင်ငတ်မွတ်တတ်သောအရွယ် ဖြစ်သည်။ သူတို့သည် သူတို့၏ စွန့်လွှတ်စွန့်စားချင်သော ငယ်ဂုဏ်၏စိတ်ဖြင့် အောင်မြင်မှုနောက်ကို ကောက်ကောက်ပါအောင် လိုက်ကြတော့မည့် အခြေအနေရှိနေသည်။ သည်အချိန်တွင် "မမြင်ဖူး မွှးမြစ်" ထင်နေကြသော ဆယ်ကျော်သက်တို့သည် အောင်မြင်မှုမဟုတ်သောအရာကို အောင်မြင်မှုဟု ထင်မှတ်လိုက်လျှင် ကိုယ်ကျိုးနည်းစရာများ ရှိလာလိမ့်မည်။ အောင်မြင်မှု၏ နောက်ကွယ်တွင် ပရိယာယ်မာယာများ တည်ရှိနေသည်။

ဇာတ်လမ်းကို တင်ပြသူ မှုရင်းဆောင်းပါးရှင် စတီဗင်အာကိုဗေးက "အောင်မြင်မှုလှေကားထစ်များကို တစ်ဆင့်ပြီးတစ်ဆင့် ခက်ခက်ခဲခဲ တက်လာခဲ့ပြီး ထိပ်ဆုံးရောက်ခါမှ မှားယွင်းနေသော နံရံပေါ်တွင် လှေကားထောင်ခဲ့မိသူများအကြောင်းကို ကျွန်တော့်အနေဖြင့် မကြာခဏဆိုသလို ပြောပြခဲ့ဖူးသည်။ ယခုတင်ပြမည့် ဖြစ်ရပ်မှာလည်း သင်လှေကားထောင်မိသော နံရံအတွက် နံရံအမှန်လား၊ နံရံအမှားလားဆိုသည်ကို လေ့လာရမည့် ဖြစ်ရပ် ဖြစ်သည်"ဟု ဆိုထားပါသည်။

တလောက ကျွန်တော်တို့ အေဂျင်စီတွင် အလုပ်လုပ်နေသည်မှာ ငါးနှစ်မျှကြာပြီဖြစ်သော လူငယ်လေးတစ်ဦးနှင့်အတူ စားသောက်ဆိုင် တစ်ဆိုင်တွင် ကျွန်တော် ထိုင်ဖြစ်ခဲ့သည်။ ထိုလူငယ်လေးသည် သူ့တွင် အိမ်ကြီးအိမ်ကောင်းတစ်လုံး ပိုင်ဆိုင်ထားသည်။ သူ့အိမ်၏ ရှေ့တံခါးအနီးတွင် သူ့ကိုယ်ပိုင်ကားရပ်ရန် နေရာကျယ်ကြီးလည်း ရှိနေသေးသည်။ သူသည် ကြွယ်ဝချမ်းသာသောအဆင့်တွင် ရှိသည်။ ကြွယ်ဝချမ်းသာ သူတို့၏ ထုံးစံအတိုင်း သူ့အိမ်တံခါးတွင် သူ၏ရာထူး၊ အလုပ်အကိုင်၊

mgyoe.com

mgyoe.com

နာမည်တို့ကို ကြေးပြားပေါ်တွင် ရေးထွင်းကပ်ထားနိုင်သည်။ ထိုလူငယ်သည် အမွေရ၍ ကြွယ်ဝချမ်းသာခြင်းမဟုတ်၊ အလုပ်ကြိုးစားခြင်းကြောင့် ကြွယ်ဝချမ်းသာခြင်း ဖြစ်၏။ သူ့အသက်အရွယ်နှင့်သူ ကြွယ်ဝချမ်းသာမှုများကို နှိုင်းစာလျှင် သူသည် ငယ်ငယ်ရွယ်ရွယ်နှင့် အောင်မြင်မှုအသီးအပွင့်ကို များများစားစား ဆွတ်ခူးထားနိုင်သူဟု ဆိုရမည်။

သူနှင့် ကျွန်တော် အစားအသောက်များကို မြိန်ရေရှက်ရေ စားသောက်ကြပြီးနောက် အေးအေးလူလူ စကားစမြည် ပြောနေကြသည်။ အဓိကပြောဖြစ်သည့် အကြောင်းအရာကတော့ "အောင်မြင်မှု"ဟူသည့် ဝေါဟာရကို အဓိပ္ပာယ်ဖွင့်ဆိုနေကြခြင်း ဖြစ်သည်။ ကျွန်တော်သည် သူ့ကို ပုဂ္ဂလအောင်မြင်ရေး ရည်ရွယ်ချက် (Personal Mission Statement) အကြောင်းကို ပြောပြနေသည်။ သူက ထိုအယူအဆအကြောင်း တစ်ခါမျှ မကြားဖူးကြောင်း ရိုးရိုးသားသားပင် ပြောဆိုသည်။ သူက ဆက်ပြီး ယင်း "ပုဂ္ဂလအောင်မြင်ရေးရည်ရွယ်ချက်"အကြောင်း သူနားလည်နိုင်ရန်နှင့် ထင်ထင်ရှားရှားသိသာနိုင်ရန် ဥပမာတစ်ခုခုကို ပုံဖော်ရှင်းပြပေးရန် ရိုးရိုးသားသားပင် တောင်းဆိုသည်။

ထို့ကြောင့် ကျွန်တော်သည် ပုဂ္ဂလအောင်မြင်ရေး ရည်ရွယ်ချက်အကြောင်း သူနားလည်အောင် ရှင်းပြနိုင်ရန် ကြိုးစားရတော့သည်။ ကျွန်တော်က ကောက်ကာငင်ကာ သူ့ကို မေးခွန်းတစ်ခုမေးလိုက်သည်။ "ဘဝမှာ မင်းအတွက် အရေးကြီးဆုံးက ဘာလဲသိလား" ထိုမေးခွန်းကို သူ တိုက်ရိုက်ကွက်တိ ပြန်မဖြေဘဲ သူ့ဘဝတွင် သူအရေးအကြီးအဆုံးဟု ထင်ထားသော အရာများကို ပါးစပ်က တန်းစီပြီး လျှောက်ပြောနေသည်။ သူရိုးရိုးသားသားပင် ပြောနေပါသည်။ သို့သော် သူ့ဘဝ၏ အရေးအကြီးအဆုံးသောအရာများထဲတွင် သူလုပ်နေရသောအလုပ်နှင့် ပတ်သက်သည်များ တစ်ခုမျှ ပါဝင်မလာသည်ကို ကျွန်တော် သတိထားလိုက်မိသည်။

သူ့စကားဆုံးသည်နှင့် ကျွန်တော်က နောက်ထပ် မေးခွန်းတစ်ခု ထပ်မေးလိုက်သည်။

"အခု မင်းအလုပ်လုပ်နေရတာ ပျော်ပျော်ရွှင်ရွှင်ရှိရဲ့လား"

mgyoe.com

mgyoe.com

"နို း...လုံးဝပဲ" သူက မဆိုင်းမတွ ပြန်ဖြေသည်။

"ဟင်...ဒါပေမဲ့ မင်း အခုချမ်းသာနေတာပဲ၊ မင်းအလုပ်ကို စိတ်ချမ်းချမ်းသာသာနဲ့ ပျော်ပျော်ရွှင်ရွှင်လုပ်နေရလို့ ဝင်ငွေတော့ တအားရနေတာ မဟုတ်လား"ဟု ထပ်မေးလိုက်တော့ သူငြိမ်နေသည်။

ကျွန်တော်က ရယ်ကျဲကျဲလုပ်ကာ ထပ်မေးလိုက်သည်။ "မင်း အခု အောင်မြင်နေပါတယ်ကွာ မဟုတ်လား"ဟု ဆိုတော့ ကျွန်တော့်အမေးကို သူ စဉ်းစားခန်းဝင်သွားသည်။ သို့ဖြင့် ထိုညက အောင်မြင်ခြင်းကိစ္စ ဤမျှသာ ထားလိုက်ပြီး ကျွန်တော်တို့နှစ်ဦး လမ်းခွဲလိုက်ကြပါသည်။

ကျွန်တော်၏ နောက်ဆုံးမေးခွန်း "မင်း အောင်မြင်နေပါတယ်ကွာ မဟုတ်ဘူးလား"ကို သူသည် ဟုတ်သည် မဟုတ်ဘူးဟု ပြန်မဖြေတော့ဘဲ တွေတွေငေးငေးဖြင့် ခေါင်းငိုက်စိုက်ချကာ အိမ်ပြန်သွားသည်ကို ကျွန်တော် သတိထားလိုက်မိပါသည်။

သည့်နောက်ပိုင်းတွင် ထိုလူငယ်လေးနှင့် ကျွန်တော်သည် အေဂျင်စီ တစ်ခုတည်းတွင် အလုပ်လုပ်နေကြသော်လည်း သိပ်မတွေ့ဖြစ်တော့ချေ။ ကျွန်တော်တို့ အေဂျင်စီသည် ပြည်တွင်းခရီးစဉ်များကို မကြာခဏ ခရီးထွက်ရသည်ဖြစ်၍ ကျွန်တော်လည်း ခရီးတွေထွက်နေရသလို သူလည်း ခရီးတွေ ထွက်နေရပေသည်။ ထို့ကြောင့် လူချင်းမတွေ့ဆုံဖြစ်ခြင်း ဖြစ်သည်။ သို့ဖြင့် လပေါင်းအတော်ကြာအောင် သူနှင့်ဝေးကွာနေခဲ့လေ သည်။

သို့သော် တစ်ခုသော နံနက်ခင်းတွင် ရုံးအဆောက်အအုံအတွင်း လမ်းအချိုးအကွေ့တစ်နေရာတွင် သူ့ကို ရိပ်ခနဲ ကျွန်တော် လှမ်းတွေ့လိုက်ရသည်။ သူ့ပုံက ရုံးခန်းတစ်ခုခုကို ဦးတည်သွားနေပုံရသည်။ ကျွန်တော် ထိုလူငယ်လေးနှင့် မတွေ့ဆုံရသည်မှာ လအတော်ကြာနေသည်က တစ်ကြောင်း၊ သူနှင့် ကျွန်တော် နောက်ဆုံးပြောဆိုဆွေးနွေးခဲ့ကြသော အောင်မြင်မှုအကြောင်း အဓိပ္ပာယ်ဖွင့်ဆိုချက်ကို စကားပြန်ဆက်ချင်နေသည်ကတစ် ကြောင်း၊ တစ်နေ့ရာရာတွင် အားလပ်သည့် ညနေခင်းတစ်ခုတွင် တွေ့ဆုံစားသောက်ကြရန် ဖိတ်မန္တက ပြုချင်သည်ကတစ်ကြောင်းဖြင့် သူနှင့်မျက်နှာချင်းဆိုင် တွေ့နိုင်ရန် သူ့နောက် အပြေးလိုက်သွားလိုက်သည်။
mgyoe.com

mgyoe.com

လမ်းချိုးအကွေ့ကို ကျွန်တော် အမြန်ပြေးကာ ကွေ့ဝင်လိုက်သော အခါ သူ့ကိုမီလာပါသည်။ ထို့နောက် သူ့နောက်ကျောကို အသာပုတ်ပြီး "ဟော့...ဘော်ဒါလေး ရေကြီးသုတ်ပျာနဲ့ ဘယ်သွားမလို့လဲ နေပါဦးကွ၊ ငါလည်း လိုက်ခဲ့မယ်လေ"ဟု နှုတ်ဆက်မေး မေးလိုက်သည်။

သူက လမ်းလျှောက်နေရာမှ ရပ်ပြီးပြန်ဖြေသည်။

"ကျွန်တော် ဘယ်ကိုမှ မသွားပါဘူးဗျာ။ ဒါပေမဲ့ ဒီရုံး၊ ဒီဌာန၊ ဒီနေရာဟာ ဒီနေ့အဖို့ ကျွန်တော့်အတွက် နောက်ဆုံးနေ့ပါပဲဗျာ"ဟု သူက ခပ်ပြတ်ပြတ်ပြောပါသည်။ ကျွန်တော် အံ့သြသွားသည်။ တုန်တုန်လှုပ်လှုပ် လည်း ဖြစ်သွား၏။

"ဘာရယ်...ဘာလို့တုံးကွ၊ ဟော့...မင်း ဘာပြောလိုက်တာလဲ၊ ငါဖြင့် နားမလည်တော့ဘူး"

"ဟုတ်တယ်၊ ကျွန်တော် အခု ဆော့စ်ရုံးခန်းကို သွားမလို့ အစ်ကိုရေ၊ ကျွန်တော့်ရဲ့ ယတိပြတ်ဆုံးဖြတ်ချက်ကို သွားပေးမလို့၊ ဒါ ဒုတိယ အခေါက်ဗျ၊ ပထမတစ်ခေါက်က မနက်ခင်းရုံးတက်တက်ချင်း သူ့ရုံးခန်းဆီ သွားပြီး သူနဲ့တွေ့ပြီးပြီ၊ ကျွန်တော်က ဒီအလုပ်က ထွက်တော့မယ်ဆိုတဲ့ အကြောင်း ပြောပြလိုက်တယ်။ သူကလည်း ကျွန်တော့်ကို ဘာကြောင့် အလုပ်ထွက်ချင်ရတာလဲလို့ မေးတယ်၊ နောက်တစ်ခေါက် ပြန်စဉ်းစားပါဦး တဲ့၊ ယတိပြတ် ဆုံးဖြတ်ချက်ချပြီးမှ သူ့ကိုလာပြောပါတဲ့။ ကျွန်တော်ကလည်း ဒီကနေ့ပဲ အလုပ်ထွက်တဲ့အကြောင်း ကျွန်တော် ယတိပြတ် အခါခါဆုံးဖြတ် ချက် ချပြီးမှ လာပြောတာဖြစ်ကြောင်း ရှင်းပြလိုက်တယ်။ သူက မယုံဘူးတဲ့။ ဘာကြောင့် ဒီလောက်ဝင်ငွေကောင်းတဲ့ အလုပ်ကို စွန့်လွှတ်ချင်နေရတာလဲဆို တာပဲ ထပ်တလဲလဲ မေးနေတယ်။ ဝင်ငွေကောင်းတာတော့ မှန်ပါတယ်။ ကျွန်တော်အောင်မြင်နေတာတော့ မှန်ပါတယ်။ ကျွန်တော်ကလည်း သူ့ကို ပြန်ပြောလိုက်တယ်။ ကျွန်တော် အလုပ်ထွက်ချင်ရခြင်းအကြောင်းက အလုပ် ထဲမှာ ကျွန်တော့်ကို ပျော်အောင်မထားနိုင်တဲ့ ခင်ဗျားတို့လူကြီးတွေကြောင့် လို့ ပြောပစ်ခဲ့တယ်။ ဒါကို သူက လက်မခံဘူး၊ နောက်တစ်ခေါက်ချည်းပဲ စဉ်းစားခိုင်းနေတယ်။ အခု ကျွန်တော် အလုပ်ထွက်မှာ သေချာကြောင်း

mgyoe.com

mgyoe.com

နောက်တစ်ခေါက် သေသေချာချာပြောပြီး အလုပ်ထွက်လာတော့မှာ"

"ဟာကွာ...မင်းဟာက မဟုတ်သေးပါဘူး၊ မင်း ငါ့ကို နောက်နေတာတော့ မဟုတ်ပါဘူးနော်။ နေဦး...ဒီနေ့ ဘာနေ့ပါလိမ့်၊ ဧပြီလ ၁ ရက်နေ့ (ဧပြီအရူးနေ့)တော့ မဟုတ်ပါဘူးနော်"

"ဟား...အစ်ကိုကလည်းဗျာ၊ အစ်ကို့ကို ကျွန်တော်က နောက်စရာလားဗျာ။ အစ်ကိုကလူကြီး၊ အတွေ့အကြုံ ရင့်ကျက်တဲ့သူပဲ၊ ကျွန်တော်က သူငယ်လေး ချာတိတ်လေးပဲ ရှိသေးတဲ့ဥစ္စာ"

"ဒါပေမဲ့ကွာ မင်း အလုပ်ထွက်မယ်ဆိုရင်တော့ကွာ မင်း ရာထူးနဲ့ မင်းဝင်ငွေကို ငါတော့ နှမြောလိုက်တာကွာ"

"ဟာ...အစ်ကိုကလည်း အစ်ကိုနဲ့ကျွန်တော် နောက်ဆုံးတွေ့ဆုံဖြစ်တဲ့ အယ်လ်ပါဆိုစားသောက်ဆိုင်မှာ ပြောဖြစ်ခဲ့ကြတာတွေကို အစ်ကိုမေ့နေပြီလား၊ အောင်မြင်မှုရဲ့အဓိပ္ပာယ်ဆိုတာလေ၊ အစ်ကို ကျွန်တော့်ကို မေးခဲ့တယ်လေ၊ မင်းအလုပ်လုပ်နေရတာ ပျော်ပျော်ရွှင်ရွှင်ရှိရဲ့လားဆိုတာ၊ အဲဒီနောက် ကျွန်တော့်ကိုယ်ကျွန်တော် ပြန်စဉ်းစားမိတယ်။ ခဏခဏလည်း စဉ်းစားနေမိတယ်။ အဲဒီလို စဉ်းစားနေတာ လတွေတော်တော်ကြာခဲ့တယ်။ အဲဒီညက အစ်ကို့ကို ကျွန်တော် ချက်ချင်း အဖြေပြန်ပေးခဲ့သလို အလုပ်ထဲမှာ ငါပျော်ရဲ့လား၊ မပျော်ဘူး အစ်ကို ကိုယ့်ကိုယ်ကိုယ် ပြန်မေးတိုင်းလည်း မပျော်ဘူးဆိုတာချည်းပဲ အဖြေထွက်ခဲ့တယ်။ အစ်ကိုနဲ့ တွေ့ဆုံဖြစ်ခဲ့တဲ့ အယ်လ်ပါဆို စားသောက်ဆိုင်မှာ စကားပြောဖြစ်ခဲ့ကြတာကို ကျွန်တော် ဘော့စ်ကို ပြန်ရှင်းပြခဲ့တယ်။ ပြီးတော့ ကျွန်တော့်ဘဝမှာ ကျွန်တော် လုပ်ချင်တာ၊ ဖြစ်ချင်တာတွေ လုပ်ခွင့်ရအောင်၊ ဖြစ်ခွင့်ရအောင် ခင်ဗျားတို့ လူကြီးတစ်တွေ ဘာလုပ်ပေးခဲ့သလဲ၊ ဘာလုပ် ပိုင်ခွင့်တွေပေးခဲ့သလဲ၊ ကျွန်တော့်မှာ အထက်ကလာတဲ့ အမိန့်တွေ၊ ညွှန်ကြားချက်တွေအတိုင်း တစ်သဝေမတိမ်း လိုက်လုပ်ခဲ့ရတယ်။ အိမ်ပြန်ရောက် တာ နာရီပိုင်းပဲ ရှိသေးတယ်။ ကျွန်တော့် အမျိုးသမီးမျက်နှာကို တဝကြည့်ခွင့်တောင် မရသေးခင် မင်း ဘယ်ပြည်နယ်ကို ခုချက်ချင်းသွားဖို့ လေဆိပ်ကို ပြေးတော့၊ လေဆိပ်မှာ စာရွက်စာတန်းတွေနဲ့ လေယာဉ်လက်မှတ် အဆင်သင့်စောင့်နေတယ်ဆိုတာနဲ့ ကျွန်တော့်မှာ

mgyoe.com

mgyoe.com

ထပ်ပြေးရပြန်တယ်၊ ဒါတွေဟာ တရားမျှတမှု ရှိရဲ့လား၊ ခင်ဗျားတို့တစ်တွေ နိုင်းကောင်းတိုင်း ခိုင်းလို့ရလာတဲ့ ဆုကြေးတွေကတော့ မနည်းပါဘူး၊ ကျွန်တော် အိမ်ကြီးအိမ်ကောင်းနဲ့ နေခွင့်ရဖို့ အေဂျင်စီက အရစ်ကျသွင်း ပေးခဲ့တာကိုတော့ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ အလုပ်ထဲမှာ ကျွန်တော် မပျော်ဘူးဗျာဆိုပြီး ကျွန်တော် ပြောပစ်ခဲ့တယ်ဗျာ"

"ဟင်...ဒါဆိုရင် မင်းဒီအလုပ်ကထွက်တော့ ဘယ်အလုပ် ပြောင်း လုပ်မလဲ စဉ်းစားပြီးပြီလား"

"ဒီအလုပ်က ထွက်ပြီးတဲ့အခါ ကျွန်တော် စဉ်းစားထားတာရှိပါ တယ်။ ကျွန်တော်မြတ်နိုးတဲ့အလုပ်ကို စလုပ်တော့မယ်လေဗျာ၊ အစ်ကို့ကို အရမ်းကျေးဇူးတင်ပါတယ်ဗျာ၊ အစ်ကို့ကျေးဇူးကို တစ်သက်မမေ့ပါဘူး"

အဲသည်နောက်ပိုင်း သူနှင့်ကျွန်တော် ထပ်မံ ကွဲကွာသွားရပြန်ချေ သည်။ သူနှင့်ကျွန်တော် မတွေ့ဖြစ်ကြတော့သည်မှာ ကနေ့ ပြန်စဉ်းစားသော် နှစ်နှစ်ပင်ကျော်ခဲ့ပါပေါ့လား။ သူ့သတင်းစကားများကတော့ သိုးသိုး သန့်သန့် ကြားခဲ့ရသည်။ သူသည် ကျွန်တော်တို့အေဂျင်စီက ထွက်သွားပြီး နောက် သူနှင့်သူ့ဇနီးတို့အိမ်အမိုးမိုးသည့် ကုမ္ပဏီသေးသေးလေးတစ်ခု ဖွင့်လိုက်ကြသည်ဟု သိရသည်။ သူက သစ်သားနှင့်ပတ်သက်သော အလုပ် ကိစ္စများကို ဝါသနာပါသည်။ သို့သော် ကျွန်တော်တို့အေဂျင်စီတွင် သူ တာဝန်ထမ်းဆောင်ရသည်က ဆက်သွယ်ရေးပိုင်းဆိုင်ရာဖြစ်သော (Tele-communications)အလုပ်ဖြစ်နေသည်။ သို့သော် သူသည် အလုပ်ကိုတော့ ထူးထူးချွန်ချွန် ကြိုးစားသူဖြစ်သည်။ ထို့ပြင် သူ့တွင် အရာရာကို ငါလုပ် လျှင် အောင်မြင်ရမည်ဟူသော လူငယ်အရိုင်းမာန် စိတ်ကလေးကလည်း ရှိသေးသည်။ သို့သော် သူ အောင်မြင်ခဲ့ပါသည်။ သူ့အောင်မြင်ခြင်းကား မပျော်ရွှင်ရသော အောင်မြင်ခြင်းဖြစ်သည်။ သူ၏အောင်မြင်ခြင်းနောက်ကွယ် တွင် သူ့ကို ပြန်ဖိစီးထားသော သောကများက တန်းစီနေသည်။

ယခုတော့ ကျွန်တော့်မေးခွန်းကို သူ ကောင်းကောင်းဖြေနိုင်သွား ပါပြီ။ သူဝါသနာပါသော အလုပ်ကို သူတို့ကြင်စဦးဇနီးမောင်နှံတို့ လွတ်လွတ်လပ်လပ် လုပ်ကိုင်ခွင့်ရသွားကြပြီ။ သူတို့၏ ရဲဝံ့သည့် ဆုံးဖြတ်

mgyoe.com

ချက်အတိုင်း သူတို့ လမ်းသစ်ဖောက်နိုင်ခဲ့ကြပြီး ကျွန်တော်ချစ်သော တစ်ခါက ရင်းနှီးခွင့်ရခဲ့သည့် ထိုလူငယ်ကလေးသည် ယခုတော့ ပျဉ်ချပ်များ၊ အမိုးပြားများအား သူကိုယ်တိုင် ဖြတ်တောက်စိတ်ပိုင်းကာ ဆင်ဝင်များ၊ နေအိမ်အမိုးများကို သူ့အလုပ်သမားများဖြင့် ပျော်ပျော်ပါးပါး မိုးနေကြမည်ဟု ကျွန်တော် မြင်ယောင်နေမိသည်။

ထိုလူငယ်လေးသည် သူ၏အလုပ်သစ်တွင် အောင်မြင်မှု သေချာပေါက်ရလိမ့်မည်၊ အောင်မြင်မှု၏နောက်ကွယ်တွင် ပျော်ရွှင်မှုများလည်း ဆင့်ကဲစောင့်ဆိုင်းနေလိမ့်မည်ဟု ကျွန်တော် ယုံကြည်နေပါသည်။

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဆယ်ကျော်သက်နှင့် စိတ်ကူးအိပ်မက်ကို အကောင်အထည်ဖော်ခြင်း

ယခုတင်ပြမည့် ဇာတ်လမ်းသည် ဆယ်ကျော်သက်တို့အဖို့ မိမိတို့ ငယ်ဘဝကတည်းက မက်ခဲ့ကြသော စိတ်ကူးအိပ်မက်ကို လက်တွေ့ကျကျ မည်သို့ အကောင်အထည်ဖော်ရမည်ကို သင်ခန်းစာပေးထားသော ဇာတ်လမ်းတစ်ပုဒ် ဖြစ်သည်။ ကျွန်တော်တို့ ဆယ်ကျော်သက်အရွယ် ငယ်စဉ်တုန်းက စိတ်ကူးဉာဏ် လွန်စွာကွန့်မြူးတတ်ကြသည်။ ဤသည်မှာလည်း ဆယ်ကျော်သက်အရွယ်တို့၏ သဘာဝပင်ဖြစ်သည်။ ငါသည် တစ်နေ့ကျလျှင် ဘာကြီးဖြစ်ရမည်၊ ညာကြီးဖြစ်ရမည်ဟု စိတ်ကူးအိပ်မက်ထဲတွင် ကြုံးဝါးဖူးသည်။ ငါ အသက်ကြီးလာလျှင် ငါ့တွင် ဘာတွေပိုင်ဆိုင်နေရမည်၊ ဘယ်မျှအထိ ပိုင်ဆိုင်ခွင့်ရနေပြီ။ ငါ့ကို ငါ့အသိုင်းအဝိုင်းက လေးစားအားကျ ရိုကျိုးနေကြရမည်ဟူ၍ လည်းကောင်း၊ ငါ့စွမ်းဆောင်ချက်များကြောင့် ငါ့ ပတ်ဝန်းကျင်လောကနှင့်အမျှ ရှိရှိသမျှသော လူသားအားလုံး ကောင်းကျိုးချမ်းသာ ခံစားနေကြစေရမည် ဟူ၍လည်းကောင်း စိတ်ကူးအိပ်မက်ထဲတွင် ပက်လက်မျောပါရင်း စိတ်ကြီးဝင်ခြင်းများ တားမရ၊ ဆီးမရ ရှိခဲ့သည်များ လည်းရှိသည်။

ကျွန်တော်အပါအဝင် ယင်းကဲ့သို့ စိတ်ကြီးဝင်ကာ စိတ်ကူးယဉ်ကမ္ဘာထဲတွင် မျောချင်တိုင်းမျော၊ လွင့်ချင်တိုင်း လွင့်ခဲ့ကြသော အရသာကို ဆယ်ကျော်သက်အရွယ်ကို ဖြတ်သန်းပြီးကြကုန်သော လူလတ်၊ လူကြီး

mgyoe.com

mgyoe.com


သက်ကြီးရွယ်အိုများအားလုံး ခံစားကြပြီး ဖြစ်ကြမည်ဟု ဆိုလိုက်ပါသည်။ ပြီးလျှင်တော့ ကျွန်တော်ကအစ ဆယ်ကျော်သက်ဘဝကို ဖြတ်သန်းကြပြီးသောသူများအားလုံး ရှက်ပြုံးလေးပြုံးကြလိမ့်မည်ဟုလည်း ကျွန်တော် ရဲရဲဆိုလိုက်ပါသည်။ ယင်းသို့ဆိုရခြင်းမှာ အကြောင်းရှိပါသည်။ ဆယ်ကျော်သက်ဘဝ ကျွန်တော်တို့ ခေတ္တပိုင်ဆိုင်ခွင့်ရတုန်းက အများနားလည်ကြပြီးဖြစ်သော လေရှူးပွေ၍ ဖုန်ထတိုင်း၊ လေပွေဝှေ့၍ သစ်ရွက်လှုပ်တိုင်း ဘာကိုဘာမှန်း ထုတ်ပြစရာမရှိသော မရှိမဲ့ရှိမဲ့ အလွမ်းဓာတ်ခံကလေးဖြင့် တောင်တောင်အီအီ ရည်ရော်ပြီး လွမ်းတတ်ခဲ့ကြသည်။ ပြီးလျှင် စိတ်ကူးယဉ်အိပ်မက်ကမ္ဘာတွင် စီးချင်တိုင်းစီး၊ မျောချင်တိုင်းမျော၊ အုတ်ရောရောကျောက်ရောရော ဖြစ်ခဲ့ဖူးသည်။

တစ်ခုတော့ တင်းတိမ်စရာရှိပါသည်။ ယင်းသို့သော အုတ်ရောရောကျောက်ရောရော စိတ်ကူးယဉ်အိပ်မက်ထဲတွင် တစ်ချက်တစ်ချက် ပါလာတတ်သော မိမိဘာကောင်ဖြစ်ရမည်၊ ဘာအဆင့်ရှိ၍ ဘာတွေလုပ်လိုက်မည်၊ ဘာတွေလုပ်မည်ဆိုလျှင် လူသားကောင်းမှုပြုရေးကို အဓိက ဦးစားပေးပြုမည်၊ ဦးစားပေးပြုနိုင်ရန် မိမိတွင် ဘာအရည်အချင်းတွေ ပိုင်ဆိုင်အောင်ကြိုးစားမည်ဟူသော လုပ်လျှင်ဖြစ်နိုင်သည့် လက်တွေ့ကျသော စိတ်ကူးအိပ်မက်မျိုး ပါဝင်တတ်သည်။ ကျွန်တော်တို့က တစ်ချက် တစ်ချက်ချက်ကျလက်ချပေါ်လာ၍သာ စောင့်မဖမ်းနိုင်ခြင်းသာ ဖြစ်သည်။ စိတ်ကူးယဉ်အိပ်မက်ဆိုသည်ကလည်း ခက်သားကလား၊ စီးမျောနေသော သဘောရှိ၍ဆယ်ကျော်သက်အားလုံး စိတ်ရှိတိုင်း လွှတ်ထားကြခြင်းဖြင့်သာ ပြီးဆုံးတတ်ကြသည် မဟုတ်လား။

ယခုတင်ပြမည့် ဇာတ်လမ်းသည် ဆယ်ကျော်သက်ဘဝကတည်းကမက်ခဲ့သော အိပ်မက်ကို အသက်ကြီးသည့်တိုင်အောင် စွဲမြဲမှတ်သားကာဖွဲ့နပဲကြိုးစွာဖြင့် လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ခြင်းအကြောင်းကို ဖော်ပြထားခြင်းဖြစ်သည်။ ဆယ်ကျော်သက်များ နည်းယူနည်းခံသင့်ပါသည်။ တစ်ဆင့်တက်၍ ဆယ်ကျော်သက်မိခင်၊ ဖခင်များလည်း ဖတ်မှတ်၍ နည်းပေးလမ်းပြပြုသင့်ပါသည်။ ညွှန်းဆိုရသည်မှာ

mgyoe.com

mgyoe.com


လူပေါ်လူဇော်လုပ်ရာ ကျပါသည်။ ဆက်လက်၍သာ ဖတ်ကြည့်စေချင်ပါတော့သည်။

ဆယ်ကျော်သက် ကျောင်းသူဘဝကတည်းက အိပ်မက်ထဲမှာ ပန်းဆိုင်လေးတစ်ဆိုင် ပိုင်ဆိုင်ချင်သည့် စိတ်ကူးတစ်ခု ကျွန်မမှာ ရှိခဲ့သည်။ ထိုစိတ်ကူးအိပ်မက်သည် ကျွန်မအတွက် မပျက်ပြယ်သော ရည်မှန်းချက်ဖြစ်ခဲ့သည်။ မပျက်ပြယ်အောင်လည်း ကျွန်မ၏ နေ့စဉ်ဘဝတွင် မကြာခဏ လှုံ့ဆော်ခံနေရသလို ကျွန်မကိုယ်တိုင်လည်း စွဲမြဲသော အမှတ်အသား ပြုထား၍ ဖြစ်သည်။ ကျွန်မ၏ မသိစိတ်က ကျွန်မအား အချိန်တိုင်း ထို အိပ်မက် မပျက်ပြယ်စေရန် လှုံ့ဆော်ပေးနေသည်ဟု ခံစားနေရ၏။ ထို့ကြောင့် ကျွန်မသည် ကောလိပ်ကျောင်းသူဘဝရောက်သည့်တိုင် ထို အိပ်မက်က ကြီးစိုးခဲ့သည်။ ကျွန်မသည် ကောလိပ်ကျောင်းတွင် ဥယျာဉ်ခြံမြေစိုက်ပျိုးရေးဘာသာရပ်ကို အဓိကဘာသာအဖြစ်ယူခဲ့ပြီး လေ့လာဆည်းပူးဖြစ်ခဲ့သည်။ ဤသည်မှာ ယင်းဘာသာရပ်ကို အဓိကဘာသာအဖြစ်ယူရခြင်းအကြောင်းရင်းသည် ကျွန်မ၏ မသိစိတ်က တွန်းဆော်နေခဲ့ကြောင်း နောက်ပိုင်းကျမှ နားလည်ခဲ့ရခြင်း ဖြစ်သည်။

သို့သော် ကျွန်မ၏ မသိစိတ်က မည်မျှပင် တွန်းဆော်ပေးခဲ့ပါသော်လည်း ကျွန်မ၏ လက်တွေ့ဘဝတွင် မမျှော်လင့်သော ဘဝအချိုးအကွေ့အချို့ကြောင့် ကျွန်မ၏ စိတ်ကူးအိပ်မက် ခေတ္တခဏ ပျက်ပြယ်သွားခဲ့ရသည်။ ကောလိပ်ကျောင်းပြီးသော် ကျွန်မ မမျှော်လင့်ဘဲ အိမ်ထောင်ကျခဲ့ရသည်။ တစ်ဆက်တည်းပင် မမျှော်လင့်ပါဘဲ အိမ်ထောင်ပြိုကွဲသွားခဲ့ရသည်။

ထို့နောက် အိမ်ထောင်ကွဲသွားပြီးနောက် ကျွန်မတစ်ဦးတည်း ကျန်ရစ်ခဲ့သော အိမ်ထောင်ကို သို့မဟုတ် မိသားစုကို ဦးဆောင်တာဝန်ယူခဲ့ရသည်။ စဉ်းစားကြည့်လျှင် ထိုထိုသောကာလများသည် မိန်းမသားတစ်ယောက်အဖို့ စိတ်သောက ဖိစီးခြင်းခံရသော အချိန်ကာလများဖြစ်သည်။ ကျွန်မသည် များစွာ ယိမ်းယိုင်သွားနိုင်သည်။ မယိမ်းယိုင်အောင် အတတ်နိုင်ဆုံး ထိန်းသိမ်းနိုင်ခဲ့သည်။ သို့သော်လည်း ကျွန်မ ဆယ်ကျော်သက်ဘဝကတည်းက မက်ခဲ့သော ပန်းဆိုင်ကလေးတစ်ဆိုင် ပိုင်ဆိုင်ချင်သည့်

mgyoe.com

mgyoe.com


အိပ်မက်ကတော့ စိတ်သောကဖိစီးမှုများနေသောကာလတွင် ခေတ္တခဏ ကြက်ပျောက်ငှက်ပျောက် ပျောက်နေရသည်ကိုတော့ ဝန်ခံမိပါသည်။

ကျွန်မ အိမ်ထောင်ပြိုကွဲရချိန်တွင် ကျွန်မ လွန်စွာတန်ဖိုးထားသော သားလေးတစ်ယောက် ရှိခဲ့သည်။ သို့သော် ကျွန်မ၏ ဘဝပေးကံကြမ္မာက ဆိုးကိုဆိုးဝါးလွန်း၏။ အိမ်ထောင်တစ်ခုကို သပ်သပ်ရပ်ရပ် ထူထောင်ချင်ခဲ့သော ကျွန်မအဖို့ လက်ထပ်ခဲ့သော ခင်ပွန်းသည်နှင့်လည်း မည်သို့မျှ ညှိနှိုင်း၍မရအောင် စိတ်သဘောချင်း မတိုက်ဆိုင်သောအခါ လမ်းခွဲလိုက်ကြရသည်။ အိမ်ထောင်ပြိုကွဲပြီးနောက် ရရှိခဲ့သော စိတ်အနာဒဏ်ရာက ကျက်မည်ကြံကာရှိသေး သားလေးကပါ ကျွန်မကို နှုတ်ဆက်ထွက်ခွာသွားခဲ့သည်။ စဉ်းစားကြပါ။ ကျွန်မ မည်မျှရင်ကျိုးရမည်နည်း။ ဖော်မပြနိုင်လောက်အောင် ဆိုးဝါးလှသော ကံကြမ္မာအတွက် ကျွန်မ စိတ်ရောကိုယ်ပါ ညှိုးချုံးခဲ့ရသည်။ စားမဝင် အိပ်မပျော်ခဲ့ရသော ညပေါင်းကတော့ မရေမတွက်နိုင်အောင်ပင်။ အိမ်ထောင်ပြိုကွဲခြင်း၊ သားလေးဆုံးပါးသွားရခြင်း ဟူသော ကြီးစွာသော အရှုံးထဲက အမြတ်တစ်ခုတော့ ထွက်ခဲ့ပါသည်ဟုတော့ ကျွန်မ ဝန်ခံရပါမည်။ ထိုအရာကား ကျွန်မ ဆယ်ကျော်သက်ဘဝကတည်းက မက်ခဲ့သောအိပ်မက်ကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်ချက် ပိုမိုခိုင်မာခဲ့သောကြောင့်ပင်တည်း။

ကျွန်မသားလေး သေဆုံးသွားတော့ ကျွန်မနှင့်အတူ ကျွန်မ၏ ဆုံးရှုံးမှု၊ ပူဆွေးဝမ်းနည်းကြေကွဲမှုများကို ထပ်တူခံစားရကြောင်း ဖော်ပြပေးရန်အတွက် ကျွန်မ၏ အိမ်နီးနားချင်းများ၊ သူငယ်ချင်းမိတ်ဆွေ၊ ဆွေမျိုးသားချင်းများက ကျွန်မအိမ်ရှေ့တံခါးတွင် ပန်းစည်းလေးများ လာချထားပေးခဲ့ကြသည်။ နံနက်မိုးလင်းချိန် အိမ်ရှေ့တံခါးဖွင့်လိုက်သည်ဆိုသည်နှင့် ပန်းစည်းလေးများမှ ပန်းပွင့်ကလေးများ၏ မွှေးပျံ့သောရနံ့ ကျွန်မ ရှူရှိုက်ခွင့်ရခဲ့သည်။ သူတို့၏ ကရုဏာ၊ စေတနာဖြင့် ပန်းပွင့်လေးများ၏ သင်းပျံ့သောရနံ့တို့သည် ကျွန်မ၏စိတ်ကို ဖြေသာစေချင်သည်။ ကျွန်မသည် အမြတ်တနိုးဖြစ်ခြင်းနှင့်အတူ ပန်းပွင့်ကလေးများဟုံ မကြာခဏ နမ်းရှိုက်မိသည်။ တစ်ချိန်တည်းတွင်လည်း ကျွန်မ၏အိပ်မက်တို့ လှိုက်၍ လှိုက်၍

mgyoe.com

mgyoe.com

တက်လာခဲ့သည်။

ကျွန်မ၏စိတ်တွင်းဝယ် ပန်းပွင့်ကလေးများကို စကားပြောနေမိသည်။ "မင်းတို့ပါလား၊ ငါ့စိတ်ထဲမှာ ငယ်ငယ်ကတည်းက တောင့်တောင့်တတနဲ့ ရှာဖွေနေမိတာ မင်းတို့ပဲ ဖြစ်ရမယ်။ မင်းတို့ရဲ့ နူးညံ့မှု၊ မွှေးပျံ့မှု၊ အရောင်အဆင်းတွေနဲ့ သင်းပျံ့တဲ့ရနံ့တွေ၊ အို မင်းတို့ရဲ့ အဲဒီအရည်အချင်းတွေကို ငါ အချိန်တော်တော်ကြာကြာကြီး ပစ်ထားသလို ဖြစ်နေခဲ့ပါပကောလား"ဟု ပန်းစည်းလေးတွေကိုကိုင်ရင်း ကျွန်မ ငေးငေးတွေးတွေးဖြစ်ကာ စကားတွေ ပြောနေပါသည်။

ထိုအချိန်တွင် ကျွန်မအနားတွင် လူတစ်ယောက်ယောက် ရောက်လာကာ ရပ်ကြည့်နေမိမည်ဆိုပါက ကျွန်မသည် ဘဝ၏ သောကဖိစီးမှုများကြောင့် စိတ်ဖောက်ကာ ရူးသွားပြီဟုပင် သတ်မှတ်ပေလိမ့်မည်။ သို့သော် ကျွန်မ မရူးပါ။ သို့သော် ရူးသွားပြီဟုပြောလျှင်လည်း ပြောနိုင်ပါသည်။ အိမ်ထောင်ပြိုကွဲခြင်း၊ သားလေး သေဆုံးသွားရခြင်းကြောင့် စိတ်ဖောက်ပြီး ကျွန်မ ရူးမသွားပါ။ ကျွန်မတွင် ဖြေနိုင်စွမ်းအားရှိသည်။ ကျွန်မ ရူးသွားပြီဟု ပြောနိုင်မည့်အရာမှာ ပန်းစည်းကလေးတွေ၊ ပန်းပွင့်ကလေးတွေ မြင်တွေ့ရလေတိုင်း ပန်းဆိုင်ကလေး ဖွင့်ချင်နေသော စိတ်ကူးဆန္ဒနောက် ကောက်ကောက်ပါသွားသည့်အတွက် အရူးတစ်ပိုင်း ဖြစ်သွားပြီဟုတော့ ပြောနိုင်ပါသည်။

ထိုနောက်ပိုင်းတွင် ကျွန်မဘဝ တစ်ဆစ်ချိုးကွေ့ရတော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်သည်။ ကျွန်မတွင် ပန်းဆိုင်တစ်ဆိုင် ပိုင်ဆိုင်ရမည်။ ကျွန်မ၏ ဆင်းရဲဒုက္ခအပေါင်းကို မျှဝေခံစား နားလည်ပေးနိုင်ကြသူတို့လာပို့ပေးသွားကြသော ပန်းစည်းကလေးများကို ကျွန်မ ဖန်တီးမည်။ ကျွန်မ၏ ပန်းစည်းကလေးများသည် ကျွန်မလို ဆင်းရဲဒုက္ခ ခံစားခဲ့ကြရသော လူသားအပေါင်းတို့အား သောကပြေပျောက်စေ၊ စိတ်တွင် ငြိမ်းချမ်းအေးမြစေရမည်။ ကျွန်မသည် ပန်းပျိုးသူတစ်ဦးအဖြစ် ခံယူပြီး လူတွေကို အကူအညီပေးသူတစ်ဦးလည်း ဖြစ်နေစေရမည်။ ကျွန်မခြေလှမ်းများ စတင်လိုက်ပါတော့သည်။

ကျွန်မ၏ ၁၈ နှစ်မြောက်မွေးနေ့အကြောင်းကို ပြန်တွေးကြည့်မိသည်။ ထိုစဉ်က ကျွန်မတွင်ရှိခဲ့သော စိတ်ကူးလေးတစ်ခုကိုပါ တစ်ဆက်တည်း သတိရမိသည်။ ထိုစိတ်ကူးကလည်း ကျွန်မ၏ ပန်းဆိုင်လေးတစ်ဆိုင် ပိုင်ဆိုင်ရေးနှင့်ပတ်သက်သော ကြိုတင်စဉ်းစား စိတ်ကူးခဲ့သော စိတ်ကူးလေးပင် ဖြစ်သည်။ ထိုစဉ်က ကျွန်မစိတ်ကူးထဲတွင် ကျွန်မ၏ ပန်းဆိုင်လေးသည် သားသမီးရတနာ မွေးဖွားခြင်း၊ မင်္ဂလာဆောင်နှင်းခြင်း၊ မွေးနေ့ပွဲများ ကျင်းပခြင်း၊ ဝမ်းနည်းကြေကွဲဖွယ် အသုဘအခမ်းအနားကျင်းပခြင်းတို့အတွက် လူအများကို အကူအညီပေးနေသည့် ပန်းဆိုင်လေးဖြစ်နေခဲ့သည်ဟု စိတ်ကူးထဲတွင် ရှိနေခဲ့သည်။

လူတိုင်းလူတိုင်းသည် မွေးဖွားခြင်းမှ သေဆုံးခြင်းအထိ အမှတ်ရနေရမည့် နေ့ရက်များ၊ သတိတရ ဂုဏ်ပြုကျင်းပပေးရမည့် နေ့ရက်များအသီးသီး ပိုင်ဆိုင်နေကြသည်။ အနည်းဆုံးတော့ မွေးနေ့မွေးရက်သည် နှစ်စဉ်နှစ်တိုင်း ကြုံကြိုက်ရပေမည်။ ထို့ပြင် လက်ထပ်မင်္ဂလာနှစ်ပတ်လည်နေ့၊ မိခင်ဖခင်တို့၏ မွေးနေ့၊ သားသမီးတို့၏ မွေးနေ့၊ သူငယ်ချင်းမိတ်ဆွေတို့၏ မွေးနေ့၊ ထို့နောက် မိမိတို့ထက် အရင်ဆောလျင်စွာ ကွယ်လွန်သွားကြသူများ၏ ဝမ်းနည်းဖွယ် အသုဘအခမ်းအနားများ စသည်တို့သည် ရှောင်လွှဲ၍မရနိုင်သော ကိစ္စများဖြစ်သည်။ ထိုအခါ ထိုနေ့ထိုရက်များတွင် သူတို့နှင့်ထပ်တူ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း၊ ကြေကွဲဝမ်းနည်းရခြင်းများကို ဖော်ပြနိုင်ရန် ကျွန်မ၏ ပန်းဆိုင်လေးက အကူအညီ အဆင်သင့်ပေးနိုင်ကြောင်း၊ အလေးတယူရှိနေပါကြောင်းကို ကျွန်မက လုပ်ဆောင်ပေးနေပါသည်ဟု စိတ်ကူးယဉ်ခဲ့မိသည်။

သင်းသို့ ကျွန်မ၏ အသက် ၁၈ နှစ်ကတည်းက ပန်းဆိုင်လေးနှင့်ပတ်သက်သော စိတ်ကူးသည် လူအများကို ကူညီစောင့်ရှောက်ပေးနေကြောင်းလည်း ဇာစ်ဆက်တည်း ကျွန်မ နားလည်လက်ခံထားမိသည်။ ကျွန်မသည် ယခုအချိန်တွင် အသက် ၁၈ နှစ်ကစိတ်ကူးများ တဖွားဖွားပေါ်ပေါက်နေခြင်းကို အံ့သြနေမိသည်။ ဒါက ဘာသဘောလဲ၊ ပန်းဆိုင်လေး ပိုင်ဆိုင်ချင်နေသော ကျွန်မအိပ်မက်ကို မပျောက်မပျက်စေရန် တစ်စုံ

mgyoe.com

တစ်ရာသော စွမ်းအားတစ်ရပ်ရပ်က တွန်းဆော်ပေးသည့်သဘောဖြင့် ငယ်ငယ်ကစိတ်ကူးတွေကို ပြန်ဖော်ပေးနေသည်လား။ ကျွန်မ ထွေလီကာလီ ဇာချဲ့တွေးမနေတော့ပါ။ လုပ်စရာရှိသည်များကို မြန်မြန်သွက်သွက် လုပ်ဆောင်ရန် ခြေလှမ်းများ လှမ်းနေပါသည်။ တစ်နေ့နေ့၊ မကြာသော တစ်နေ့နေ့တွင် ပန်းဆိုင်တစ်ဆိုင်ကို ကျွန်မ ပိုင်ဆိုင်ရလိမ့်မည်။ မဟုတ်သေးဘူး၊ မဟုတ်သေးဘူး ပိုင်ကိုပိုင်ဆိုင်ရမည်၊ မကြာခင် ပိုင်ဆိုင်ရတော့မည်။

ဤသို့ဖြင့် သားလေးဆုံးပြီး တစ်နှစ်လောက်အကြာတွင် Ocean Shores ဟူသော ပန်းဆိုင်တစ်ဆိုင်သို့ ကျွန်မရောက်သွားသည်။ ပန်းစည်းဝယ်ခြင်းနှင့်အတူ ပန်းဆိုင်၏ အနေအထား၊ အပြင်အဆင်ကို လေ့လာချင်၍လည်း ဖြစ်သည်။ ကျွန်မသည် ဆိုင်ရှင်နှင့်တွေ့ဆုံသည်။ "ပန်းဆိုင်အခြေအနေ ဘယ်လိုရှိသလဲရှင့်"ဟု ကျွန်မ မေးကြည့်တော့ ဆိုင်ရှင်က "ကျွန်တော်တို့ ဒီဆိုင်ကို ပြန်ရောင်းဖို့လုပ်နေပါတယ်ဗျာ။ ဒါပေမဲ့ ဒီကနေ့အထိတော့ ဝယ်မယ့်သူတစ်ယောက်မှ ပေါ်မလာသေးဘူး။ ပြောရရင်ဗျာ။ ဆိုင်ရောင်းမယ်ဆိုတာ ဟုတ်ပါသလားလို့ သတင်းလာမေးမယ့်သူတောင် မရှိပါဘူးဗျာ။ ဒါနဲ့ ဒီက စိတ်ဝင်စားလို့လား"ဟု ကျွန်မကို ဆိုင်အခြေအနေကို ရှင်းပြရင်း ပြန်မေးနေပါသည်။

ဆိုင်ရှင်၏စကားသည် ကျွန်မ၏နှလုံးသားကို ဆုပ်ကိုင်လှုပ်ရှားလိုက်သလို ခံစားလိုက်ရသည်။ ကျွန်မ၏ နှလုံးသွေးများလည်း ပူနွေးသွားသည်။ နှလုံးခုန်သံတို့ တဒိတ်ဒိတ် ကြားလာရသည်။ ဆိုင်ရှင်သည် ကျွန်မမျက်နှာ ဝင်းပတောက်လက်သွားသည်ကို ရိပ်စားမိသွားသည်။ သူက ဆက်တိုက်ဆိုသလိုပင် ဒီပန်းဆိုင်လေးကို ရောင်းချပြီး အခြားလုပ်ငန်းတစ်ခု ပြောင်းလုပ်ချင်ကြောင်း၊ ပန်းဆိုင်လုပ်ငန်းသည် သူနှင့်ကီးမကိုက်ကြောင်း၊ သူ့တွင် ပန်းစည်းလာဝယ်သူများအတွက် ကျေနပ်လောက်အောင် စကားဝန်ဆောင်မှု မပေးနိုင်ကြောင်း၊ ဝန်ဆောင်မှု ကောင်းကောင်းမပေးနိုင်ဘဲနှင့် ဈေးရောင်းနေရသည်မှာ စားသုံးသူများကို စော်ကားသလို ဖြစ်နေကြောင်း၊ ထို့ကြောင့် ပန်းဆိုင်လုပ်ငန်းနှင့် သူ အံဝင်ခွင်ကျမဖြစ်တော့၍ အခြားလုပ်ငန်းတစ်ခုခု

mgyoe.com

mgyoe.com


ကို စေတနာကောင်းကောင်းထားတာ လုပ်ကိုင်ချင်နေတော့ကြောင်း ကရားရေလွှတ်ပြောပြနေသည်။

ကျွန်မသည် သူပြောပြနေသည့် စကားများနှင့် ဆိုင်အခြေအနေကို အတန်သင့် သိလိုက်ရပြီဖြစ်၍ စိတ်ထဲတွင်တော့ "ရှင် ဘာမှပူမနေနဲ့တော့။ ဒီဆိုင်ကို ကျွန်မ ဝယ်လိုက်ပြီ"ဟု တစ်ချက်တည်း ပြောချလိုက်ချင်နေမိသည်။ သို့သော် ကျွန်မတွင် တစ်ဆိုင်လုံးကို တစ်ချက်တည်း အပြီးအပြတ် ဝယ်လိုက်ရန် ငွေကြေးအရင်းအနှီး မရှိပါ။ မပြည့်စုံသေးပါ။ မလုံလောက်သေးပါ။ ကျွန်မတွင် ပန်းဆိုင်လေးတစ်ဆိုင် ထူထောင်ရန် စုဆောင်းထားသည့် ပိုက်ဆံတော့ အနည်းငယ်ရှိသည်။

သို့ဖြင့် ကျွန်မတို့နှစ်ဦး ကောင်တာတွင် မျက်နှာချင်းဆိုင်ထိုင်ကာ စကားပြောဆို ဆွေးနွေးညှိနှိုင်းနေကြပါသည်။ ပန်းဆိုင်ရောင်းထုတ်နေချင်သူနှင့် ပန်းဆိုင်တစ်ဆိုင် အမြန်ပိုင်ဆိုင်ချင်သူတို့ နောက်ဆုံးမတော့ ပက်ပင်းတွေ့နေကြပါပြီကော။ ကျွန်မ၏ အနှစ်နှစ်အလလက စိတ်ကူးအိပ်မက်တို့ အကောင်အထည်ပေါ်တော့မည်။ ကျွန်မသည် ဆိုင်ရှင်ထံမှ ပန်းဆိုင်လေး၏ လက်ရှိ အရှုံးအမြတ်စာရင်း၊ ဝင်ငွေထွက်ငွေစာရင်းနှင့် ကုန်ဝယ်စာရင်းတို့ကို တောင်းကြည့်လိုက်သည်။ ဆိုင်ရှင်ကလည်း သူ့ဆိုင်၏ အခြေအနေ အသေးစိတ်ကို အတွင်းကျကျ ရှင်းပြသည်။ ဖောက်သည်စာရင်းကိုလည်း မကွယ်မဝှက် ထုတ်ပေးရှာသည်။ ဖောက်သည်စာရင်းကို ကျွန်မ ကြည့်မိတော့ အလားအလာကောင်းသော ရာသက်ပန်ဖောက်သည်များကို တွေ့ရသည်။ အရှုံးအမြတ်စာရင်းတွင် လစဉ်အရှုံးပြနေခဲ့ခြင်းမှာ ဝန်ဆောင်မှု မကောင်းခဲ့ခြင်းကြောင့်ဟု ကျွန်မထင်သည်။

ကျွန်မသည် ဒီဆိုင်ကို နိုင်နိုင်နင်းနင်း ထိန်းကျောင်းရောင်းဝယ်ရလျှင် အချိန်တိုအတွင်း အောင်မြင်သွားနိုင်မည်ဟုလည်း တစ်ဆက်တည်း တွေးနေ မိသည်။ သို့ဖြင့် ကျွန်မသည် ကျွန်မ၏ အရင်းအနှီးအခြေအနေကို ထုတ်ပြောလိုက်သည်။ "ကျွန်မ ဒီဆိုင်ကို စိတ်ဝင်စားပါတယ်။ ဒါပေမဲ့ တစ်ဆိုင်လုံးကို အပြီးအပြတ်ဝယ်နိုင်ဖို့တော့ ကျွန်မမှာ အလုံအလောက် မရှိပါဘူး။ ကျွန်မက ငယ်ငယ်ကတည်းက ပန်းဆိုင်တစ်ဆိုင် ပိုင်ဆိုင်ချင်နေ

mgyoe.com

တဲ့ဆန္ဒ ပြင်းပြင်းပြပြ ရှိနေတယ်။ ဒီတော့ ဒီလိုလုပ်ကြရအောင်၊ ဒီဆိုင်ကို ကျွန်မဝယ်မယ်၊ အခု တော့ မဟုတ်သေးဘူး။ ရှင် ဆိုင်ပိတ်ထားမယ့်အတူတူ ကျွန်မကို ဒီဆိုင် အငှားချထားပေးပါ။ ဆိုင်ခန်းငှားခနဲ့ အခြားအခွန်အခတွေ ကျွန်မ ပေးဆောင်မယ်။ ကျွန်မ အခုရှိတဲ့ အရင်းအနှီးကလေးနဲ့ ပန်းစည်းတွေ၊ ပန်းခြင်းတွေ ထပ်တိုးတင်မယ်။ အဲဒီကတက်လာတဲ့ ရောင်းအားနဲ့ ကျွန်မ ဆိုင်ရဲ့တန်ဖိုးကို အရစ်ကျချေသွားမယ်။ အဲဒီအတွက် စောင့်ဆိုင်း ရမယ့် အချိန်ကာလအတွက်လည်း ကျွန်မ ဆိုင်တန်ဖိုးကို ပိုချေပေးပါ့မယ်"ဟု ဆိုလိုက်သည်။

ဖြစ်ချင်တော့ ဆိုင်ရှင်သည် ကျွန်မ၏ အကြံအစည်ကို ချက်ချင်း လက်ခံခေါင်းညိတ်ခဲ့သည်။ သူက သူ့အားနည်းချက်ဖြစ်သော ပန်းစည်း ရောင်းချခြင်း ဝန်ဆောင်မှုမကောင်းပုံကို ထပ်တလဲလဲ ဝန်ခံပြီး ကျွန်မကဲ့သို့ စိတ်ကူးအိပ်မက် ထက်သန်နေသူတစ်ဦးက ပန်းစည်းရောင်းချပေးမည်ဆို၍ သူ တာဝန်မကျေခဲ့သော ဖောက်သည်များအား သူ့ကိုယ်စား ဝန်ဆောင်မှု ပေးနိုင်တော့မည်ဖြစ်၍လည်း ကျေးဇူးတင်စရာဖြစ်ရကြောင်း ပြောခဲ့သည်။

ထို့နောက် ကျွန်မသည် ပန်းဆိုင်လေးကို အတွင်းပိုင်း အပြင်အဆင် များ ပြုပြင်ပြောင်းလဲခဲ့သည်။ ဆိုင်တွင်းသို့ဝင်လာသူတိုင်း ပန်းစည်းပန်းခြင်း ဝယ်ခြင်း မဝယ်ခြင်းအပထား ပန်းရနံ့တို့နှင့်အတူ စိတ်လန်းဆန်းသွားစေ ရေးကို ကျွန်မ ဖန်တီးလိုက်သည်။ ဤသည်မှာ စားသုံးသူများအတွက် ကျွန်မ၏ ဦးစွာဝန်ဆောင်မှုပင်ဖြစ်သည်။ ဆိုင်ပြင်ပကိုလည်း ဖြတ်သွား ဖြတ်လာသူတိုင်း ပန်းဆိုင်လေးက ချစ်စရာကလေးဟု မြင်သာရအောင် ဆိုင်း ဘုတ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။ ယခုတော့ ကျွန်မသည် ပန်းဆိုင် လေးကို အငှားစနစ်ဖြင့် ပိုင်ဆိုင်နေလေပြီ။ ဆိုင်တွင်းတွင် ပန်းပွင့်ပန်းခက် အမျိုးစုံအောင်၊ အရောင်အသွေးစုံအောင်၊ မွှေးရနံ့ကြိုင်လှိုင်အောင်၊ ဝယ်သူ မဝယ်ချင်ဝယ်ချင်ဖြစ်လောက်အောင် စုံစုံလင်လင် ဖန်တီးထားလိုက်သည်။

ထိုအခါ ဆိုင်၏အရောင်း တက်လာသည်။ နေ့စဉ် လက်မလည် အောင် ဖြစ်လာသည်။ ဆိုင်အရောင်းဝန်ထမ်းသုံးဦး ခန့်ထားရသည်။ ကျွန်မကလည်း တနင်္ဂနွေနေ့တိုင်း ဆိုင်လေးတည်ရှိရာရပ်ကွက် နေအိမ်

mgyoe.com

အသီးသီးသို့ အရောင်းမြှင့်တင်ရေးအစီအစဉ်အရ အလှပဆုံး ပန်းစည်းလေးများကို မပျက်မကွက် ပို့ပေးသည်။ သူတို့သည် ပန်းစည်းလက်ခံရရှိသဖြင့် ကျေးဇူးတင်ကြောင်း နှုတ်ဖြင့်တစ်မျိုး၊ စာဖြင့်တစ်မျိုး အကြောင်းပြန်ကြသည်။ ကျွန်မ၏ ပန်းဆိုင်လေးသည် စီးပွားရေးအရ ယခုတော့ အောင်မြင်သွားပါသည်။ ယင်းပန်းဆိုင်ကိုလည်း ကျွန်မ ခြောက်လအတွင်း အပြီးငွေချေနိုင်လိုက်ပါသည်။ ထို့ပြင် ကျွန်မနေသော မြို့ကလေးတွင် ပန်းဆိုင် နောက်ထပ်သုံးဆိုင်လည်း ဖွင့်နိုင်ခဲ့ပြီး လူသားတွေကို ကူညီပေးနိုင်ခဲ့ပါတော့သည်။

❐

mgyoe.com

mgyoe.com

# ဆယ်ကျော်သက်နှင့် ရင်ဖွင့်တိုင်ပင်ရမည်ကို မကြောက်ရွံ့ခြင်း

ဘဝတွင် တစ်ခါတစ်ရံ ဆုံးဖြတ်ရခက်ခဲသော အခြေအနေများနှင့် ရင်ဆိုင်ရသည်များ ရှိသည်။ ထိုအခါ မည်သို့ ဆုံးဖြတ်ရမည်ကို မရေမရာ မသေမချာဖြင့် အတော်ဗျာများရပြီး စိတ်ညစ်စိတ်ရှုပ်ခြင်းများနှင့် ကြုံတွေ့ရတတ်သည်။ ဆုံးဖြတ်ချက်ချမရလေ စားမဝင်အိပ်မပျော်ဖြစ်ပြီး ရူးချင်သလိုလို၊ ကြောင်ချင်သလိုလိုနှင့် စိတ်တွေလေနေတတ်သည်။ ထိုအခါ ဘဝသည် နေမပျော်တော့သဲ ဖိစီးမှုများဝင်လာကာ သောကတစ်ထွေးတစ်ပိုက်နှင့် စိတ်အနာကျခြင်းများပင် ခံစားလာရတတ်သည်။

ဆုံးဖြတ်ရခက်ခဲသော လမ်းဆုံလမ်းခွရောက်နေရသည့် အဖြစ်မျိုးသည် လူကြီးများတွင်သာမက လူလတ်လူငယ် ဆယ်ကျော်သက်များအပါအဝင် အမျိုးသား၊ အမျိုးသမီးမရွေး သက်ကြီးရွယ်အိုပင် ပါဝင်နေလိုက်သေးသည်။ အားလုံးခြုံငုံပြောရလျှင် လူသားတိုင်းသည် ဆုံးဖြတ်ရခက်ခဲသော အခြေအနေတစ်ရပ်ရပ်၊ သို့မဟုတ် အခြေ အနေအရပ်ရပ်တို့ဖြင့် တစ်ခါတစ်ရံ ကြုံတွေ့ရတတ်သည်။ တစ်ခါတစ်ရံမကလည်း ကြုံတွေ့ရနိုင်သည်။ တစ်ပတ်တစ်ခါ၊ တစ်လတစ်ခါ၊ ခြောက်လ တစ်ခါ၊ တစ်နှစ်တစ်ခါလည်း ဖြစ်ချင်ဖြစ်မည်။ အချိန်ကာလ အကန့်အသတ် မဲ့ချင်လည်း မဲ့သည်။ သေချာသည်ကတော့ လူရယ်လို့ဖြစ်လာပြီး ဘဝတစ်ခု ပိုင်ဆိုင်ကာ ရှန်းကန်လှုပ်ရှား နေထိုင်ကြရပြီ၊ မိသားစုအသိုက်အဝန်းဖြင့် ရှင်သန်ကြရပြီ၊ လူမှုအဖွဲ့အစည်း ပတ်ဝန်းကျင်တွင် ကျင်လည်ကြရပြီ ဆိုသည်နှင့် ဆုံးဖြတ်ရ

mgyoe.com

mgyoe.com


ခက်ခဲပြီး ဗျာများရသော အခြေအနေအရပ်ရပ်တို့နှင့် ရင်ဆိုင်ကြုံတွေ့ကြရမည်မှာ သေချာပါသည်။

ယင်းကို ဘဝဟုခေါ်လိုက ခေါ်နိုင်သည်။ သို့တည်းမဟုတ် ဘဝတိုက်ပွဲဟုလည်း တင်စားနိုင်ပါသည်။ ဘဝတိုက်ပွဲဟု လက်ခံလိုက်ပြီဆိုလျှင် ယင်းသို့ ဆုံးဖြတ်ရခက်ခဲသော အကြောင်းခြင်းရာကို အနိုင်တိုက်နိုင်ရန် ဖြေရှင်းကျော်လွှားသွားနိုင်ရန် လိုအပ်လာပါသည်။ ဘဝတိုက်ပွဲဟု လက်ခံပြီး ဘဝတိုက်ပွဲကြားတွင် မြေစာပင်အဖြစ် ခေါင်းငုံ့ကြိတ်မှိတ်ခံနေမည်ဆိုလျှင် အရှုံးသမားဘဝပိုင်ရှင်သာ ဖြစ်သွားပါလိမ့်မည်။ သို့သော် ဘဝ၏ တိုက်ပွဲတစ်ရပ်ဟု သတ်မှတ်ထားသော ဆုံးဖြတ်ရခက်ခဲသည့် လမ်းဆုံလမ်းခွပြဿနာကို ဖြေရှင်းထုတ်ပစ်ရမည်။ ဖြေရှင်းထုတ်ပစ်နိုင်ရန် နည်းလမ်းရှာရမည်။ နည်းလမ်းရှာရေးသည် ဦးနှောက်မုန်တိုင်းဆင်ခြင်း ဖြစ်သည်။ ဦးနှောက်မုန်တိုင်းဆင်ခြင်းဟူသည် စကားကြီးစကားကျယ် ပြောခြင်းဖြစ်သည်။ အမှန်တကယ်တော့ ဦးနှောက်အလုပ်လုပ်ခြင်း ဖြစ်သည်။ ဦးနှောက်ကို အသုံးချရမည်၊ စဉ်းစားတွေးတောရမည်၊ ပြဿနာကိုဖြေရှင်းနိုင်မည့် လက်တွေ့ကျသော အချက်အလက်များ ရှာဖွေရမည်၊ စုဆောင်းရမည်၊ သူတစ်ပါးထံတွင် အကြံတောင်းခံသင့်က တောင်းခံရမည်။ ဤသည်မှာ ဆုံးဖြတ်ရခက်ခဲသော ပြဿနာရပ်တိုင်းအား ရင်ဆိုင်တွေ့ကာ ပြဿနာမဖြေရှင်းရေးအစကို စတင်ခြေလှမ်းချခြင်းဟု ယူဆသည်။

ယင်းသည် "အလေ့အထ ခုနစ်သွယ်ဖြင့် ရှင်သန်နေထိုင်နိုင်ရေး" စာအုပ်ကို ပြုစုရေးသားထားသော ကမ္ဘာကျော်စာရေးဆရာကြီး၊ အောင်မြင်ရေးတက်ကျမ်းဆရာကြီး စတီဗင်အာကိုဗေး၏ လမ်းညွှန်ဟောပြောထားမှုဖြစ်သည်။ သူက ပြဿနာတိုင်းကို ဖြေရှင်းရာတွင် မိမိဘာသာ မည်သို့မျှအကြံညှစ်ထုတ်၍ မရသောအခါ မည်သည့်အခါမှ စိတ်ညစ်ခံကာ စိတ်လေမနေပါနှင့်၊ သူ့ဘစ်ပါးထံ ချဉ်းကပ်ကာ အကူအညီတောင်းခံပါ၊ မိမိပြဿနာကိစ္စအဝဝကို ရင်ဖွင့်ပြောပြပါ။ ရင်ဖွင့်ပြောပြရခြင်းကို အားငယ်သလိုလို၊ ရှက်သလိုလို၊ ကြောက်ရွံ့နေသလိုလိုဖြင့် တုံ့ဆိုင်းမနေပါနှင့်ဟု အကြံပေးထားသည်။

mgyoe.com

mgyoe.com


လူအများစု၏ အားနည်းချက်တစ်ခုသည် မိမိပြဿနာတစ်ရပ်ရပ်အား ရင်ဖွင့်ပြောကြားရမည်ကို ဝန်လေးတတ်ကြသည်။ သူတစ်ပါးဆီမှ အကြံဉာဏ်တောင်းခံရမည်ကိုလည်း ကြောက်ရွံ့နေတတ်ကြသည်။ အကြောင်းမှာ မိမိက ရင်ဖွင့်ပြောကြားလိုက်လျှင် မိမိအား အထင်အမြင်သေးသွားမည်လား၊ မိမိအားနည်းချက်ကို ဝေဖန်ပြစ်တင်ကြမည်လား၊ ကွယ်ရာတွင် လှောင်ပြောင်ကဲ့ရဲ့ခံရမည်လားဟူသော အငုံ့စိတ်ကြောင့် ဖြစ်သည်ဟု ဆရာကြီးစတီဗင်က ဆိုထားသည်။ အမှန်မှာ ယင်းသို့ မရေရာမသေချာသော မိမိ၏ အဆိုးမြင် ကြိုတွေးတတ်သောစိတ်ကသာ မိမိဘာအားနည်းနေသည်ကို ဖော်ပြနေခြင်းသာဖြစ်သည်ဟုလည်း ထောက်ပြထားသည်။

လူတို့သည် ကလေး၊ လူကြီး၊ လူလတ်၊ လူငယ်၊ ဆယ်ကျော်သက်မရွေး ပြဿနာတစ်ရပ်ရပ်နှင့် ရင်ဆိုင်လာရပြီး မဖြေတတ်၊ မရှင်းတတ်ဖြစ်လာသောအခါ အကောင်းဆုံးနည်းလမ်းက သူတစ်ပါးဆီမှာ အကြံဉာဏ်တောင်းခံခြင်း၊ သူတစ်ပါး၏ ကောင်းမွန်သောလမ်းညွှန်မှုကို မရှက်မကြောက်ခံခြင်းသည်သာ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာကို ဖြေရှင်းရာကျပါသည်ဟုလည်း အကြံပေးထားပါသေးသည်။ အထူးသဖြင့် သူ၏အကြံပြုချက်ကို ဆယ်ကျော်သက်တို့ နားဝင်အောင် လက်တွေ့ကျင့်သုံးနိုင်အောင် ဆယ်ကျော်သက်သားသမီးတို့၏ မိဘတို့က သင်ကြားပြသပေးသည်ဟုလည်း မှာထားပါသေးသည်။

ဆရာကြီးကိုဗေးထံတွင် ဆယ်ကျော်သက်အရွယ် ကလေးနှစ်ဦးကို ပြုစုထိန်းကျောင်းနေရသော မိခင်တစ်ဦး၏ ကိုယ်တွေ့ဖြတ်လမ်းတစ်ပုဒ် ရှိသည်။ ၎င်းမိခင်သည် အရေးတကြီး ဆုံးဖြတ်ရခက်ခဲသော ပြဿနာတစ်ရပ်နှင့် ရင်ဆိုင်ခဲ့ရပြီး ရင်ဆိုင်ဖြေရှင်းရပုံ ဖြတ်လမ်းစုံကို ကိုယ်တွေ့ပိုင်ဆိုင်ထားသူတစ်ဦး ဖြစ်သည်။ ၎င်းမိခင်က သူရင်ဆိုင်ခဲ့ရသောပြဿနာကြီးမားခဲ့သည့် ဘဝတိုက်ပွဲတစ်ခုအကြောင်းကို ဆရာကြီးကိုဗေးထံ ထပ်မံရင်ဖွင့်ပြခဲ့ပါသည်။ ယင်းဆယ်ကျော်သက်အရွယ် ကလေးနှစ်ဦးပိုင်ရှင်မိခင်၏ဖြတ်လမ်းကို ယခုတင်ပြလိုက်ပါသည်။

mgyoe.com